
လူမှုဖွံ့ဖြိုးရေးစီမံချက် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများ



စွမ်းရည်ရှေ့ဆောင် သင်တန်းအဖွဲ့မှ ရေးသားပြုစုသည်။
ဒီဇင်ဘာလ၊ ၂၀၁၁ ခုနှစ်။

(စီမံချက်နယ်မြေတွင်းကန့်သတ်)

ဒီစာအုပ်အကြောင်း ...



ကမ္ဘာကြီးရဲ့ အနာဂတ်ရတွေကို ဝိုင်းဝန်းကုစားဖို့ မဖြစ်မနေ လိုအပ်လာတဲ့ အခုလိုအခြေအနေ အချိန်အခါမျိုးမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး စတဲ့အသံတွေဟာ ကမ္ဘာ့နေရာ အနှံ့အပြားမှာ တော်တော်လေးကို ကျယ်ကျယ်လောင်လောင် ကြားလာရပါတယ်။

ကျွန်တော်တို့ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတွေရဲ့ သဘောသဘာဝဟာလည်း အရင် လုပ်ကိုင်နေကျ ပုံစံတွေကနေ ခွဲထွက်လာပြီး လက်ရှိအခြေအနေတွေရဲ့ လိုအပ်ချက်နဲ့ လိုက်လျောညီထွေဖြစ်ဖို့ ပြောင်းလဲလာရပါတယ်။ ဒီလို ကမ္ဘာအပြောင်းအလဲရဲ့ အခင်းအကျင်းသစ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ ဖွံ့ဖြိုးရေးလောကအနေနဲ့လည်း လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ လုပ်ရိုးလုပ်စဉ် လမ်းကြောင်းက ကွဲထွက်လာကြတဲ့ ချဉ်းကပ်လုပ်ဆောင်ပုံ နည်းလမ်းသစ်တွေနဲ့ ဝေဆာလာတာ ကြုံဆိုရမယ့်ကိစ္စလို့ ကျွန်တော်တို့ ရိုးရိုးသားသားပဲ မြင်မိပါတယ်။

ဒီစာအုပ်လေးဟာ လူမှုဖွံ့ဖြိုးရေးစီမံချက်တွေ လုပ်ကိုင်နေကြတဲ့ ကျွန်တော်တို့ဝန်းကျင်မှာ စီမံချက်တစ်ခုရဲ့ မရှိမဖြစ် အရေးကြီးလှတဲ့ အခြေခံသဘောတရားတွေကို အုတ်တစ်ချပ်စာ၊ သဲတစ်ပွင့်စာလောက် ဆွေးနွေးထားတာမျိုးပါ။ မြန်မာဘာသာနဲ့ ဖတ်စရာ သိပ်မများလှသေးတဲ့ ကျွန်တော်တို့ လောကအတွက် တစ်ထောင့်တစ်နေရာကနေ ကွက်လပ်ဖြည့်ဖို့ ကြိုးစားကြည့်ထားတာလို့လည်း ဆိုနိုင်ပါတယ်။ ဘယ်နှစ်လက်မလောက် ကွက်လပ်ဖြည့်နိုင်လို့ ဘယ်နှစ်ကျပ်သားလောက် အကျိုးရှိသွားကြမလဲ ဆိုတာကတော့ စာဖတ်သူ ညီအစ်ကို မောင်နှမတို့ သဘောအတိုင်းပါပဲ။ ဖတ်ကြည့်ပါ။ ဝေဖန်ပေးပါ။ ဖတ်ကြည့်လို့ တစ်စုံတစ်ရာ အကျိုးရှိတယ်ဆိုရင်တော့ သူငယ်ချင်းတွေကို လက်တို့ပေးကြပါ။ ဖြန့်ဝေပေးကြပါ။

ဒီစာအုပ်ထဲမှာပါတဲ့ အကြောင်းအရာတွေဟာ ကျွန်တော်တို့ စွမ်းရည်ရှေ့ဆောင် သင်တန်းအဖွဲ့ဝင်တွေ ဖတ်၊ မှတ်၊ သိ၊ နားလည်ထားတာတွေကို ရှိပြီးသားအတွေ့အကြုံတွေနဲ့ ပေါင်းစပ်ရေးသားထားတာ ဖြစ်ပါတယ်။ စာအုပ်တစ်အုပ်တည်း၊ အယူအဆ တစ်ခုတည်းပေါ်မှာ အခြေခံထားတာမျိုး မဟုတ်တဲ့အတွက် ငြင်းခုံစရာ၊ သဘောကွဲလွဲစရာ စကားလုံး အသုံးအနှုန်းတွေ၊ ယူဆချက်တွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါတွေအားလုံးအတွက် စာဖတ်သူ ညီအစ်ကို မောင်နှမများအားလုံးက လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးငြင်းခုံပြီး သဘောထား ကွဲလွဲပေးကြပါ။ လိုအပ်တာတွေအတွက်လည်း ကျွန်တော်တို့ကို အကြံပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဒီစာအုပ်လေး ရုပ်လုံးပေါ်လာဖို့ အဓိကပံ့ပိုးပေးခဲ့တဲ့ CWS Asia Pacific ၊ ပန်းချီ ဖေစိုးအောင်၊ ဒီဇိုင်းကျော်မျိုးသိန်းနဲ့ အင်တိုက်အားတိုက် ပါဝင်ပေးခဲ့ကြတဲ့ စွမ်းရည်ရှေ့ဆောင်အဖွဲ့ဝင် ညီအစ်ကို မောင်နှမများအားလုံးကို အထူးကျေးဇူးတင်ကြောင်း အလေးအနက် မှတ်တမ်းတင်အပ်ပါတယ်။

စီစဉ်သူ

ဒီစာအုပ်မှာ ဘာတွေပါလဲ ...

စီမံချက်မစခင် ဆန်းစစ်လေ့လာခြင်း *(Initial Assessment)* ၅

စီမံချက်မစခင် ဆန်းစစ်လေ့လာခြင်း (Initial Assessment)

ဆိုတာ ဘာလဲ ၆

ဘာဖြစ်လို့ စီမံချက်မစခင် ဆန်းစစ်လေ့လာရတာလဲ ၇

ဘယ်လို အဆင့်ဆင့် လုပ်ကြမလဲ ၀

Organization Alignment ၀

Initial Discussion with Major Partners ၉


Funding Security ၁၀

Data Collection Plan ၁၁


Data Compilation ၁၄

Assement လုပ်တဲ့အခါ

အတုယူချင်စရာကောင်းတဲ့ အလေ့အထလေးတွေ ၁၆




စီမံချက်ဒီဇိုင်း ရေးဆွဲခြင်း *(Project Designing)* ၁၉
စီမံချက်ဒီဇိုင်း ရေးဆွဲခြင်းဆိုတာ ဘာလဲ..... ၂၀
Stakeholder Analysis ၂၁
SWOA Analysis..... ၂၃
Problem Analysis..... ၂၅
Objective Analysis ၂၈
Strategy Analysis..... ၃၀
Logical Framework Approach ၃၃
Objective Summary ၃၄
Risk Analysis ၃၆
Assumption ၃၈
Indicator..... ၄၀
Means of Verification(MoV)..... ၄၁
Implementation Plan..... ၄၃
Resource Plan..... ၄၄



စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
(Monitoring & Evaluation).....၄၈
စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဆိုတာ ဘာလဲ.....၄၈
စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း အမျိုးအစားများ...၅၁
စောင့်ကြည့်လေ့လာခြင်း အမျိုးအစားများ..... ၅၁
အကဲဖြတ်သုံးသပ်ခြင်း အမျိုးအစားများ..... ၅၂
စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း အစီအစဉ်..... ၅၃
Sampling ၅၅
Data Collection ၅၉
Data Processing & Analysis..... ၆၂

စိမံချက်မစခင် ဆန်းစစ်လေ့လာခြင်း

(Initial Assessment)



စီမံချက်မခင် အနှီးစစ်ဆေးလေ့လာခြင်း (Initial Assessment) ဆိုတာ ဘာလဲ



ကျွန်တော်တို့ ဘာဖြစ်လို့ စီမံချက်လုပ်ရမှာလဲ
စီမံချက်လုပ်ဖို့ကော တကယ်လိုရဲ့လား ....
စတဲ့ မေးခွန်းမျိုးတွေ
တစ်စုံတစ်ယောက်ကမေးလာခဲ့ပြီ ဆိုပါစို့ ....။

ချက်ချင်းလက်ချင်းပြန်လည်ဖြေဆိုနိုင်ဖို့အတွက်
စနစ်တကျအနှီးစစ်ဆေးလေ့လာထားဖို့လိုပါလိမ့်မယ်။

ဘာတွေကိုဆန်းစစ်ဆေးလေ့လာရမလဲ ...
ကိုယ့်အဖွဲ့အစည်းအကြောင်း ...
စီမံချက်လုပ်မယ်လို့ စဉ်းစားထားတဲ့ ရပ်ရွာဒေသအကြောင်း ...
ကိုယ့်စီမံချက်နဲ့ ပတ်သက်ဆက်နွယ်လာနိုင်တဲ့ အဖွဲ့အစည်း၊
လူပုဂ္ဂိုလ်တွေအကြောင်း ...
စတာတွေကို စနစ်တကျ အချက်အလက် ကောက်ယူ၊
ဆန်းစစ်သုံးသပ်ထားဖို့ လိုလိမ့်မယ်။

ဒါလေးတွေလည်း လေ့လာဖို့ မမေ့ပါနဲ့နော် ...
ဘယ်သူတွေက ဘယ်လောက်အတိုင်းအတာအထိ
ပြဿနာတွေနဲ့ ရင်ဆိုင်နေရတာလဲ
ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ဘာတွေလုပ်ရမလဲ

တခ်ဳိ့တေ့ သတိထားပေးပါ ...
Assessment လုပ်တယ်ဆိုတာ
သေချာပေါက် စီမံချက်လုပ်မယ်လို့
ရည်ရွယ်လုပ်ဆောင်တာမျိုး မဟုတ်ပါဘူး။
ဆန်းစစ်လေ့လာလို့ရလာတဲ့ တွေ့ရှိချက်တွေအပေါ်
အခြေခံပြီး စီမံချက်လုပ်ဖို့ လိုအပ်တယ်
မလိုအပ်ဘူးဆိုတာကို ဆုံးဖြတ်ရတာမျိုးပါ။

အဓိကအားနဲ့ ...
ရပ်ရွာဒေသမှာ ဖြစ်ပျက်နေတဲ့
လက်ရှိပြဿနာတွေအကြောင်း
အဲဒီ ပြဿနာတွေရဲ့ အရင်းအမြစ်ကဘာလဲ
အဓိကလိုအပ်ချက်တွေက ဘာတွေလဲ၊
အဲဒီ လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့လုပ်ဆောင်တဲ့အခါမှာ
အသုံးတည့်နိုင်တဲ့ ဘယ်လို သယံဇာတတွေ၊ နည်းပညာတွေ၊
လူစွမ်းအားတွေ ရပ်ရွာမှာရှိနှင့်နေပြီလဲ၊
ရပ်ရွာက ဘာတွေလုပ်ဖို့စိတ်ဝင်စားလဲ၊
သူတို့ အကျိုးစီးပွားအနေနဲ့ ဘာတွေဖြစ်လာနိုင်ခြေရှိလဲ
စတဲ့အချက်အလက်တွေကို လေ့လာဆန်းစစ်တဲ့
လုပ်ငန်းစဉ်တစ်ခုပါ။

ဘာဖြစ်လို့ စိတ်ဓာတ်ကျမနေဘဲ
ဆန်းစစ်ဉာဏ်လှလာရတာလဲ

- ရပ်ရွာဒေသရဲ့ အခြေအနေအရပ်ရပ်နဲ့ ကိုယ့်အဖွဲ့အစည်းရဲ့ ပေါ်လစီ၊ မျှော်မှန်းချက်၊ လိုက်နာရမယ့် လမ်းညွှန်ချက်တွေက ကိုက်ညီမှု ရှိ မရှိ၊ စီမံချက်လုပ်ဖို့ ဖြစ်နိုင်မဖြစ်နိုင်ကို သုံးသပ်ဖို့

- သက်ဆိုင်ရာအာဏာပိုင်တွေနဲ့ ရပ်ရွာဒေသက ကိုယ့်အဖွဲ့အစည်းအပေါ် ယုံကြည်လက်ခံနိုင်မှု၊ စီမံချက်ရဲ့မျှော်မှန်းနိုင်တဲ့ ရလဒ်၊ ထိရောက်အောင်မြင်နိုင်ခြေ စတာတွေကို မှန်းဆနိုင်ဖို့


- ရပ်ရွာဒေသရဲ့ရင်းနှီးယုံကြည်မှုရလာဖို့နဲ့ ပူပေါင်းဆောင်ရွက်ဖို့ အလားအလာရှိတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံရေးကောင်းမွန်လာစေဖို့

စတဲ့အချက်တွေကြောင့်
Initial Assessment လုပ်ဖို့
မဖြစ်မနေ လိုအပ်ပါတယ်။



ဘာယိုလို အာခေါင်ခေါင်လုပ်ကြမလဲ

Organizational Alignment



ပထဦးဆုံးအနေနဲ့ **Assessment** လုပ်မယ့်အကြောင်းအရာနဲ့ ဒေသဟာ ကိုယ့်အဖွဲ့အစည်း အတွင်းမှာရှိတဲ့ ပေါ်လစီ၊ သဘောတူညီချက်၊ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ရပါမယ်။

ဒီအဆင့်ဟာ ပေါ်လစီ၊ သဘောတူညီချက်၊ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ အခိုင်အမာရှိပြီးသား အဖွဲ့အစည်းကြီးတွေအတွက် အဓိက လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။
ဥပမာ ကိုယ့်အဖွဲ့အစည်းက မသန်စွမ်းသူတွေအတွက် ရည်ရွယ်လုပ်ဆောင်နေတယ်၊ မသန်စွမ်းသူတွေကိစ္စနဲ့ ပတ်သက်တဲ့ ပေါ်လစီတွေလည်း အခိုင်အမာရှိထားတယ်။ ကိုယ် **assessment** လုပ်မယ့် ရပ်ရွာဒေသရဲ့ အခြေအနေနဲ့ လိုအပ်ချက်က မသန်စွမ်းကိစ္စလုပ်ဆောင်ဖို့ အခြေအနေမပေးသေးတဲ့ အနေအထားမျိုးဆိုတာကို ယေဘုယျသဘော သိရှိထားတယ် ဆိုပါစို့။ အဲဒီရပ်ရွာဒေသအကြောင်း အသေးစိတ် **assessment** လုပ်စရာ မလိုတော့ပါဘူး။



ဘာဖြစ်လို့လဲ ဆိုတော့ **assessment** က တွေ့ရှိလာတဲ့ အချက်အလက်တွေဟာ ကိုယ့်အဖွဲ့အစည်းရဲ့ ပေါ်လစီတွေနဲ့ ကိုက်ညီမှုမရှိတဲ့ အလုပ်တွေလုပ်ဖို့ပဲ ဖြစ်လာပါလိမ့်မယ်။

Initial Discussion with Major Partners




အဓိကကျတဲ့ ပါတနာတွေနဲ့ ကြိုတင်ညှိနှိုင်းဖို့လိုမယ်။
ဒါအရေးကြီးတယ်။
ဘယ်သူတွေက ကိုယ်လုပ်မယ့် assessment မှာ
စိတ်ဝင်စားနိုင်လဲ။
ဖြစ်နိုင်ခြေရှိတဲ့သူအားလုံးကို ထည့်သွင်းစဉ်းစားဖို့လိုမယ်။

နှောင့်ယှက်မှာလား။ ပုံပိုးကူညီမှာလား။ မစဉ်းစားပါနဲ့။
ဒီအချိန်မှာ အရေးမကြီးသေးဘူး။
ဘယ်လိုလူတွေလဲ။ ဘာအဖွဲ့အစည်းတွေလဲ။ သေချာစဉ်းစားပါ။
အဓိကအနေနဲ့ အာဏာရှိသူ၊ ပါဝါရှိသူ၊ ဩဇာရှိသူတွေကို မမေ့ဖို့လိုတယ်နော်။
သူတို့ လိုချင်တာတွေ၊ တောင်းဆိုတာတွေ၊
ခွင့်ပြုနိုင်တာ၊ ခွင့်မပြုနိုင်တာတွေ ရှိမယ်။ သေချာတယ်။ ရှိရမှာပေါ့။

ဒီလို ဇယားကွက်လေးတစ်ခုထဲ ထည့်ကြည့်ရအောင်...

ဘယ်သူတွေက ဒီ assessment ကို စိတ်ဝင်စားနိုင်လဲ။	ဒီ assessment ကနေ သူတို့ ဘာလိုချင်တာလဲ။	ဒီ assessment ကရလာတဲ့ ရလဒ်တွေကို သူတို့ ဘယ်လိုအသုံးချမှာလဲ။	သူတို့ကို ဘယ်အတိုင်းအတာအထိ အလေးထားဖို့ လိုမလဲ။
ဒီအကွက်မှာ အကုန်ချရေးနော် ...	ခွင့်ပြုချင်တာ... ကြီးပွားချမ်းသာချင်တာ ...	ဟိုဟာလုပ်မယ် ... ဒီဟာလုပ်မယ် ...	သိပ်အရေးကြီးတာပေါ့ ... သူခွင့်မပြုရင် ဘာမှလုပ်မရတော့ဘူး။
တစ်ယောက်မကျန်	နှောင့်ယှက်ချင်တာ..	ဟိုလိုသုံးမယ် ...	ထားလိုက်ပါကွာ ... သိပ်အရေးမကြီးပါဘူး။
တစ်ဖွဲ့မကျန်	အကျိုးရှိစေချင်တာ ...	ဒီလိုသုံးမယ် ...	သူက စီမံချက်လုပ်ဖြစ်ရင် ရေရှည်လက်တွဲရမယ့်သူ

ဒီလိုသေချာသိပြီဆိုရင်တော့ ဘယ်လိုလူတွေ၊
ဘယ်လိုအဖွဲ့အစည်းတွေနဲ့
ဘာတွေတိုင်ပင် ဆွေးနွေးပြီး လိုအပ်တာတွေကို
ဘယ်လို ဆက်လုပ်ရမယ်ဆိုတာ
သဘောပေါက်လောက်ပါပြီ။



Funding Security

ရန်ပုံငွေလောက်ငှမှုရှိဖို့ ကြိုတင်ပြင်ဆင်ရမယ်။
ဟုတ်တယ်။ ကုန်ကျစရိတ်တွေကို ထုံးစံအတိုင်း
သေချာမှန်းထားဖို့ လိုမယ်။
ဒေါ်လာစျေး၊ မမျှော်လင့်သောအသုံးစရိတ်၊
ဘောက်ချာမရနိုင်တဲ့ ကုန်ကျမှု
စတာတွေလည်း ထည့်သွင်းစဉ်းစားဖို့ မမေ့နဲ့ပေါ့။



အရေးအကြီးဆုံးနှစ်ခုရှိတယ်။ **ပထမက assessment** လုပ်တယ်ဆိုတာ ဘာမှမသေချာသေးတဲ့ အခြေအနေတစ်ခုအတွက် ပိုက်ဆံသုံးရတာဆိုတော့ ဘာလုပ်ဖြစ်မယ်ဆိုတာကို ပိုက်ဆံပေးတဲ့သူ (donor) ကိုအာမ မခံပါနဲ့။

ဒုတိယက နယ်မြေအသစ်တစ်ခုကို ပထမဆုံးထိုးဖောက် ဝင်ရောက်ကြတာဖြစ်လို့ အခက်အခဲတွေ၊ ပြဿနာတွေ ရင်ဆိုင်ရတတ်တယ်။ မမျှော်လင့်တဲ့ အသုံးစရိတ်တွေ တက်လာနိုင်တယ်။


တစ်စုံတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခုကနေ assessment အတွက် အသုံးစရိတ် တောင်းတော့မယ်ဆိုရင် **ဒါလေးတွေပြောဖို့ မမေ့စေချင်ပါဘူး ...**



ကျွန်တော်တို့ ဒါ... လုပ်ဖို့ စဉ်းစားထားတယ်
လေ့လာကြည့်လို့ အခြေအနေပေးတယ်ဆိုရင်
ဒါတွေ ... ဒါတွေ ... လုပ်ဖြစ်လိမ့်မယ် ထင်တယ်
ဒါကြောင့်မို့လို့ စီမံချက်လုပ်လို့ ဖြစ် မဖြစ်၊
ဖြစ်ရင် ဘာလုပ်ရမယ်ဆိုတာကို
ပထမအဆင့်အနေနဲ့ **assess** လုပ်ဖို့ လိုတယ်

အဲဒီလို ပထမအဆင့် လေ့လာမှုတွေလုပ်ဖို့
ဒါတွေ ...လိုတယ်
ကျွန်တော်တို့ ခန့်မှန်းထားတာတော့
ပိုက်ဆံ ဒီလောက် ဒီလောက် ... ကုန်မယ် ထင်တယ်။
စီမံချက်လုပ်ဖြစ်မယ် မလုပ်ဖြစ်ဘူးဆိုတာကိုတော့
အခုလောလောဆယ် အာမ မခံနိုင်သေးပါဘူး။
လေ့လာမှုပြီးတဲ့အခါမှ သိမယ်။

Data Collection Plan



လိုအပ်တဲ့ သတင်းအချက်အလက်တွေ ကောက်ယူစုဆောင်းဖို့
ပြင်ဆင်ရမယ်။ ဘာတွေပြင်ဆင်ရမလဲဆိုတော့
ဘာမှ မပြင်ဆင်ပါနဲ့ဦး။

ဒီသုံးခုကို အရင်စဉ်းစားစေချင်တယ်။

- ပထဦးဆုံးအနေနဲ့ ဘာဖြစ်လို့ assessment လုပ်ရတယ်
  ဘာသတင်းအချက်အလက်တွေ လိုအပ်တယ် ဆိုတာကို
  ရှင်းရှင်းလင်းလင်း သိအောင်လုပ်ဖို့ လိုပါလိမ့်မယ်။
- နောက်တစ်ခုက ရပ်ရွာဒေသကိုကြည့်တဲ့
  အခြေခံရှုထောင့်(၃)မျိုးကို သေချာနားလည်ထားဖို့ လိုပါလိမ့်မယ်။

အဲဒါတွေကတော့ ...


၁၊ လူမှုရေး
၂၊ သဘာဝပတ်ဝန်းကျင်
၃၊ နိုင်ငံရေးနဲ့ ပေါ်လစီရေးရာ

- နောက်ဆုံး တစ်ခုကတော့ အဲဒီ ရှုထောင့်တွေပေါ်မှာ
  အခြေခံပြီး ကိုယ့်အဖွဲ့အစည်းက ဘာကို အဓိကထား
  (အာရုံစိုက်ပြီး) assess လုပ်မှာလဲ ဆိုတာကို
  ဆုံးဖြတ်ဖို့ လိုပါလိမ့်မယ်။

ဒီအခြေခံအချက်သုံးချက်ကို ရှင်းရှင်းလင်းလင်းသိပြီဆိုရင်
တော့ assessment လုပ်ဖို့ စတင်ပြင်ဆင်လို့ ရပါပြီ။
assessment လုပ်ဖို့ စတင်ပြင်ဆင်တဲ့အခါမှာ

ပထဆုံး မမေ့သင့်တာကတော့

assessment team မှာ ပါဝင်မယ့်သူအားလုံးဟာ
အစီအစဉ်စဆွဲတဲ့ အချိန်ကတည်းက
ပါဝင်ဆောင်ရွက်သင့်ပါတယ်။



ပြီးရင်တော့ ဘယ်သူတွေက
ဘယ်လို အခန်းကဏ္ဍကနေ
ပါဝင်ဆောင်ရွက်ကြမယ်ဆိုတဲ့
အခြေခံသဘောတူညီချက်
(Terms of Reference)တစ်ခု
ဆွဲသင့်ပါတယ်။
အဲဒီ ToR(Terms of Reference) မှာ
အနည်းဆုံး

ဒီအချက်တွေတော့
ပါသင့်ပါတယ်။

ဘာတွေလဲ။

ရည်ရွယ်ချက်
ဘာဖြစ်လို့ assessment လုပ်ရတာလဲ
assessment လုပ်ပြီးဘာတွေကို ရှာဖွေဖော်ထုတ်မှာလဲ

အချိန်
ဘယ်အချိန်မှာလုပ်မှာလဲ
ဘယ်လောက်ကြာမှာလဲ

လုပ်နည်းလုပ်ဟန်
သတင်းအချက်အလက်တွေကို ဘယ်လိုကောက်ယူမှာလဲ

ဘတ်ဂျက်
ဘယ်လောက်ကုန်မှာလဲ
ဘယ်သူပေးမှာလဲ

စီမံခန့်ခွဲမှု
ဘယ်သူက တာဝန်ခံပြီး စီမံခန့်ခွဲမှာလဲ



နောက်တစ်ခု assessment team မှာ
ပါဝင်မယ့်သူတွေဟာ ဘယ်လိုလူမျိုးတွေ
ဖြစ်သင့်လဲ ဆိုတာစဉ်းစားကြည့်ရအောင် ...
အနည်းဆုံး ဒီအချက်လေးတွေနဲ့
ပြည့်စုံရင် ကောင်းမယ်...

- လူတန်းစားမရွေးဘဲ အဆင့်အတန်း အမျိုးမျိုးရှိတဲ့ လူပေါင်းစုံနဲ့ ကြမ်းတစ်ပြေးတည်း ထိုင်နိုင်၊ ပြောဆို ဆက်ဆံနိုင်ဖို့
- လူတွေက မြင်မြင်ချင်း လက်ခံစကား ပြောချင်လောက်အောင် ဖော်ရွေပြုံးရွှင်တဲ့ မျက်နှာထားမျိုးရှိဖို့
- စူးစမ်းလေ့လာချင်တဲ့ စိတ်ထားရှိဖို့
- အခြေအနေတစ်ခုခုကို အမြဲဆန်းစစ် သုံးသပ်နိုင်တဲ့ အရည်အချင်းရှိဖို့
- သက်ဆိုင်ရာ ပညာရပ်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်ပိုင်နိုင်ဖို့နဲ့ အတွေ့အကြုံရှိဖို့ (ဥပမာ – ပညာရေးနဲ့ ပတ်သက်ပြီး assessment လုပ်ရင် ပညာရေးအကြောင်းသိဖို့၊ ကျန်းမာရေးအကြောင်းလုပ်ရင် ကျန်းမာရေးအကြောင်းသိဖို့)

ဒါက ယေဘုယျသဘောပါ။ နောက်တစ်ခုက
ပါဝင်မယ့်သူတွေဟာ assessment လုပ်တဲ့နည်းလမ်း(method)နဲ့
သုံးတဲ့ (tools)တွေပေါ်မှာ မူတည်ပြီး
မဖြစ်မနေလိုအပ်တဲ့ အရည်အချင်းတွေလည်းရှိဖို့ လိုပါတယ်။
ဥပမာ – လူထုပူးပေါင်းပါဝင်တဲ့နည်းလမ်းတွေ သုံးပြီး
assess လုပ်မယ်ဆိုပါစို့...

facilitation skill ဟာ မရှိမဖြစ်တဲ့ အရည်အချင်းတစ်ခုပါ။

ဒါတွေပြီးသွားရင်တော့
ဘယ်နည်းလမ်း(method) တွေသုံးမယ်ဆိုတာ
ရွေးချယ်လို့ ရပါပြီ။
သုံးမယ့်နည်းလမ်း(method) ပေါ်မှာ အခြေခံပြီး
tools တွေကို ဖန်တီးရမှာပါ။
tools တွေ ပြင်ဆင်ပြီးရင် ဘယ်လိုသုံးရမယ်ဆိုတာ
သုံးမယ့်အဖွဲ့ဝင်တွေကို သင်ပေးဖို့လိုပါတယ်။
သေချာလေ့ကျင့်ဖို့လည်း လိုပါတယ်။





ရွေးချယ်ထားတဲ့ နည်းလမ်းတွေအတိုင်း
ဖန်တီးပြင်ဆင်ခဲ့တဲ့ tools တွေသုံးပြီး
အစမ်းလေ့ကျင့်ပြီးပြီဆိုရင်တော့
တကယ်လေ့လာရေးဆင်းမယ့် ရပ်ရွာဒေသနဲ့
အနီးစပ်ဆုံးတူညီတဲ့ ဒေသတစ်ခုမှာ
အစမ်းသဘောလေ့လာရေးဆင်းသင့်ပါတယ်။

ရလာတဲ့ ရလဒ်ပေါ်မူတည်ပြီး tools တွေကို
လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ရပါမယ်။
ဒါတွေကတော့ သတင်းအချက်အလက် မကောက်ယူမီ
ကြိုတင်ပြင်ဆင်သင့်တာတွေကို အကြမ်းဖျင်းအနေနဲ့ ပြောတာပါ။
နည်းလမ်း (method)တွေနဲ့ tools တွေအကြောင်းနဲ့
sampling အကြောင်း(ရပ်ရွာဒေသအတွင်း အိမ်ထောင်စုတွေ
ဘယ်လိုရွေးချယ်မလဲ၊ အိမ်ထောင်စုတွေအတွင်းမှာ
လူတစ်ဦးချင်း ဘယ်လိုရွေးချယ်မလဲ)
သတင်းအချက်အလက် ကောက်ယူချိန်မှာ ကြုံတွေ့ရလေ့ရှိတဲ့
စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေအကြောင်း၊
သတင်းအချက်အလက် ကောက်ယူသူတွေကို ဘယ်လိုစီမံခန့်ခွဲမလဲ စတဲ့
အသေးစိတ်တွေကိုတော့ စောင့်ကြည့်လေ့လာခြင်းနဲ့
အကဲဖြတ်သုံးသပ်ခြင်း (monitoring & evaluation)ကျရင်
ထပ်မံ ဆွေးနွေးပါဦးမယ်။

Data Compilation


နောက်တစ်ခုအနေနဲ့ သတင်းအချက်အလက် ကောက်ယူပြီးတဲ့အခါ ကောက်ယူရရှိလာတဲ့
သတင်းအချက်အလက်တွေကို စနစ်တကျ စုစည်းရမယ်။ အဓိပ္ပာယ်ဖော်ရမယ်။
အကဲဖြတ်သုံးသပ်ပြီး ကောက်ချက်ဆွဲရမယ်။ သတင်းအချက်အလက်တွေကို
စုစည်းတဲ့နေရာမှာ အခုခေတ်အနေနဲ့ အဓိကအရေးကြီးတာကတော့
ရရှိလာတဲ့ စာရွက်စာတမ်းတွေ၊ ဓာတ်ပုံတွေနဲ့ မှတ်တမ်းမှတ်ရာတွေကို
ဖြစ်နိုင်ရင် ကွန်ပျူတာထဲမှာ စနစ်တကျ စုစည်းသိမ်းဆည်းဖို့လိုပါတယ်။
ကျွန်တော်တို့ မိဘဘိုးဘွားတွေက ဖိုင်သိမ်းတဲ့နေရာမှာ
တော်တော်လေးကို စနစ်တကျ သိမ်းဆည်းခဲ့ကြပါတယ်။
အိမ်တစ်လုံးစာ မှတ်တမ်းမှတ်ရာတွေကို လိုချင်ရင် လိုချင်တဲ့အချိန်
ချက်ချင်း ရလောက်အောင် စနစ်ကျကြပါတယ်။

ကျွန်တော်တို့ ဒီဘက်ခေတ် လူတွေဟာ ကိုယ့်ကွန်ပျူတာထဲရှိတာကို
ဘယ်ဖိုင် ဘယ်နေရာရှိနေမှန်း သိပ်မသိကြပါဘူး။
ကျွန်တော်တို့လည်း ဒီအတိုင်းပါပဲ။ ကြိုတင်ပြင်ဆင်မှုရှိဖို့ မလိုတဲ့
သာမန် ကိုယ်ရေးကိုယ်တာ ကိစ္စတွေအတွက် အရေးမကြီးပေမယ့်
အခုလို သတင်းအချက်အလက်တွေကို စုစည်းတဲ့နေရာမှာတော့
သိပ်ကို အရေးကြီးတဲ့ကိစ္စလို့ ပြောရပါလိမ့်မယ်။ လွယ်လွယ်လေးပါ။
ဖိုင်(file)တွေ၊ ဖိုလ်ဒါ(folder)တွေကို လွယ်လွယ်တိုတို နာမည်ပေးပါ။
အမျိုးအစားတူတဲ့ file တွေကို စုပါ။folder ထဲထည့်ပါ။
အမျိုးအစားခပ်ဆင်ဆင်တူတဲ့ folder တွေကို စုပါ။ နောက် folder ထဲထည့်ပါ။
folder တွေ level အဆင့်ဆင့် ထွက်လာပါလိမ့်မယ်။ နောက်ဆုံး folder အကြီးဆုံးတစ်ခု
ရပြီဆိုရင်တော့ အရမ်းလွယ်ကူတဲ့ software တစ်ခုကို သုံးစေချင်ပါတယ်။
Mindjet MindManager ဆိုတဲ့ software ပါ။ စမ်းသုံးကြည့်ပါ။ ရက်ပိုင်းအတွင်း
ကျွမ်းကျွမ်းကျင်ကျင် သုံးနိုင်ပါတယ်။

အဲဒီ software သုံးပြီး ဒါတွေလုပ်လို့ရပါတယ်။

- အဓိကအကျဆုံး (အပြင်အရောက်ဆုံး နောက်ဆုံး) folder ကို mind map ရဲ့ center topic အနေနဲ့ထားပါ။
- နောက်တစ်ဆင့် folder တွေကို main topic အနေနဲ့ ဖြာထွက်ပါ။
- နောက်ထပ်တစ်ဆင့်နိမ့်တဲ့ folder တွေကို sub topic အနေနဲ့ ဖြာထွက်ပါ။
- Folder တွေကို အဆင့်ဆင့်ရှိသလောက် ထပ်ပြီး ဖြာထွက်ပါ။
- နောက်ဆုံး file တွေသိမ်းထားတဲ့ folder ရောက်ရင် file တွေကို hyperlink ဒါမှမဟုတ် attachment အနေနဲ့ link လုပ်ပါ။

ဒါကတော့ ရလာတဲ့ သတင်းအချက်အလက်တွေကို စနစ်တကျသိမ်းဆည်းတဲ့ ကိစ္စပါ။
နောက်တစ်ခုအနေနဲ့ triangulation ဆိုတဲ့ သဘောတရားလေးကို မိတ်ဆက်ပေးချင်ပါတယ်။



ဒီတြိဂံပုံလေးကို ကြည့်ကြည့်ရအောင်။ ဘာတွေသတိထားမိလဲ။
ကျွန်တော်တို့ ငယ်ငယ်တုန်းက အလှူတွေလုပ်ကြရင် ထမင်းအိုး၊ ဟင်းအိုးအကြီးကြီးတွေ
ချက်တဲ့အခါ အုတ်ခဲတွေစုပြီး သုံးထောက် ဖိုခနောက်ဆိုင် မီးဖိုလုပ်ကြတာ
သတိထားမိကြပါလိမ့်မယ်။ မီးဖိုလုပ်တဲ့အခါမှာ လေးထောက်၊ ငါးထောက်၊
ခြောက်ထောက်လုပ်ရင် ဘယ်လိုနေမလဲ။ စဉ်းစားကြည့်ရအောင်။
ကျွန်တော် စဉ်းစားမိတာကတော့ ထောက်များရင်ပိုကောင်းတာပေါ့။
ပိုခိုင်တာပေါ့။ ဒါဆို နှစ်ထောက်တည်း ဆိုရင်ကော။ အဲဒီမှာ ပြဿနာရှိသွားပြီ။
အိုးတင်လို့ မရတော့ဘူး။ **triangulation** ကလည်း ဒီသဘောပါပဲ။
အနည်းဆုံး သုံးထောက်လောက်ရှိမှ ဟင်းအိုးတင်လို့ ရသလိုပါပဲ။
data တွေကို **source** တစ်ခု၊ နှစ်ခုထဲက **method** တစ်ခု၊ နှစ်ခုလောက်သုံးပြီး
လူတစ်ယောက်၊ နှစ်ယောက်လောက်က ကောက်ယူထားတာဆိုရင် ဟင်းအိုးတင်လို့ မရသလိုပါပဲ။
ယုံကြည်လက်ခံဖို့၊ ကောက်ချက်ချဖို့ ခက်ပါလိမ့်မယ်။ အဲဒါကြောင့်မို့လို့ **data** ကောက်တဲ့အခါမှာ
data source အနည်းဆုံး သုံးခုကနေ နည်းလမ်း အနည်းဆုံး သုံးခုလောက်သုံးပြီး ကောက်ယူရင်
ပိုကောင်းပါတယ်။ အချက်အလက်ကောက်တဲ့ အဖွဲ့ထဲမှာလည်း ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု
မတူသူတွေ ပါဝင်ဖို့၊ အမျိုးသမီး၊ အမျိုးသား အရေအတွက် သိပ်မကွာဖို့နဲ့
ကိုယ့်အဖွဲ့အစည်းထဲက လူတွေတင်မကဘဲ အပြင်လူပါ ပေါင်းစပ်ပါဝင်နိုင်ရင် ပိုကောင်းပါတယ်။
သတင်းအချက်အလက်တွေ စုစည်းပြီးတဲ့အခါမှာ ဘယ်လိုဆန်းစစ်လေ့လာ သုံးသပ်ပြီး
ကောက်ချက်ချရမယ် ဆိုတာတွေကို စိမံချက်ဒီဇိုင်းရေးဆွဲခြင်း အခန်းမှာ ထပ်မံဆွေးနွေးပါဦးမယ်။

Assessment လုပ်တဲ့အခါ အထူးယူဆချင်စရာကောင်းတဲ့ အင်္ဂလိပ်အထူးလေးတွေ

Assessment တစ်ခုလုပ်တော့မယ်ဆိုရင် ကိုယ်တစ်ဖွဲ့တည်းရဲ့ စိတ်ကူးအတိုင်း လုပ်တာမျိုး မဟုတ်ဘဲ ကိုယ့်ပါတနာတွေရဲ့ စိတ်ကူးစိတ်သန်းတွေပေါ်မှာ အခြေခံပြီး ဘယ်လို **assess** လုပ်မယ်ဆိုတာကို အစီအစဉ်ဆွဲတာမျိုး

ဘယ်အဖွဲ့အစည်းတွေ၊ ဘယ်သူတွေနဲ့ လက်တွဲလုပ်ဆောင်မယ်၊ သူတို့ရဲ့ ပါဝင်ပတ်သက်မှုက ဘယ်လောက် အတိုင်းအတာအထိ ရှိမယ်ဆိုတာကို ကြိုတင်စဉ်းစား ဆုံးဖြတ်ထားတာမျိုး

Assessment လုပ်တဲ့ ရည်ရွယ်ချက် ရှင်းရှင်းလင်းလင်းရှိဖို့လည်း လိုပါတယ်။ ဘာဖြစ်လို့ လုပ်တာလဲ၊ ဘယ်သူတွေက ဘာအတွက် ဒီလေ့လာချက်တွေကို သုံးမှာလဲ၊ လေ့လာတွေ့ရှိချက်တွေကို ဘယ်လို ပြန်လည်တင်ပြမှာလဲ စတာတွေကို ကြိုကြိုတင်တင် စဉ်းစားထားတာမျိုး

Assessment မလုပ်ခင် ကြိုတင်ပြင်ဆင်နေတဲ့ အချိန်ကတည်းက အဓိက ပါဝင်ဆောင်ရွက်မယ့် ပုံပိုးပေးမယ့် အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေနဲ့ ကိုယ်က ဘယ်အခန်းကဏ္ဍကနေ ပါဝင်ကြမယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိထားအောင် ဆောင်ရွက်တာမျိုး

Assessment လုပ်နေစဉ် အချိန်အတွင်းမှာ ပါဝင်ဆောင်ရွက်သူများကို လုပ်ရင်းကိုင်ရင်း သင်ယူချင်စိတ်ရှိအောင် တိုက်တွန်းအားပေးတာမျိုး

- ပုံမှန်အနေနဲ့ အခွင့်အရေး နည်းပါးလေ့ရှိတဲ့ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုတွေနဲ့ မသန်စွမ်းသူတွေရဲ့ အတွေးအမြင်၊ ခံစားချက်တွေကို ဖော်ထုတ်နိုင်တဲ့ စိတ်နေစိတ်ထားမျိုး၊ ကျွမ်းကျင်မှုမျိုးရှိနေဖို့ **Assessment** မှာ ပါဝင်သူတွေကို လေ့ကျင့်ပေးတာမျိုး


- **Assessment** အဖွဲ့မှာ အမျိုးသမီးရော အမျိုးသားပါ ပါဝင်နေတာမျိုး

- **Assessment** အဖွဲ့မှာ ပါဝင်ဆောင်ရွက်မယ့် အဖွဲ့ဝင်တွေကို **Assessment** မစခင် ကြိုတင်မှာကြားစရာ ရှိတာတွေကို မှာကြားထားတာမျိုး

- **Assessment** တွေ့ရှိချက်တွေကို ပူးပေါင်းပါဝင်သူတွေအားလုံး လက်လှမ်းမီနိုင် သိရှိနိုင်တဲ့ပုံစံမျိုးနဲ့ ဖြန့်ဝေပေးတာမျိုး

- **Assessment** ပြီးပြီးချင်း ဘာတွေတွေ့ရှိခဲ့တယ်၊ ဘာတွေဆက်လက် လုပ်ဆောင် သင့်တယ်ဆိုတာကို ပါဝင်ခဲ့သူတွေအားလုံး ဆွေးနွေးတိုင်ပင်တာမျိုး

- **Assessment** ပြီးသွားတဲ့အချိန်မှာ ဘယ်လိုလုပ်ခဲ့ကြလဲ၊ နောက်တစ်ကြိမ် ပိုကောင်းအောင် ဘယ်လိုလုပ်လို့ရမလဲ ဆိုတာတွေကို ပြန်ဆန်းစစ်တာမျိုး




စီမံချက်ဒီဇိုင်း ရေးဆွဲခြင်း

(Project Designing)



စီမံချက်ဒီဇိုင်း ရေးဆွဲခြင်းဆိုတာ ဘာလဲ

စီမံချက်ဒီဇိုင်းရေးဆွဲတာဟာ စီမံချက်တစ်ခု အကောင်အထည်ဖော်ဖို့အတွက်
အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။
စီမံချက်ဒီဇိုင်းရေးဆွဲတာကို အစီအစဉ်ဆွဲတယ်။
plan လုပ်တယ်လို့ ခေါ်ကြတာမျိုးလည်း ရှိပါတယ်။
အဲဒီအယူအဆမတူတဲ့အပိုင်းတွေကို ခဏထားလိုက်ရအောင်။
project design ပဲပြောပြော planning ပဲခေါ်ခေါ် ဘယ်လိုလုပ်ကြတယ်၊
ဘာပြီး ဘာလုပ်ရင် ပိုကောင်းတယ် ဆိုတာတွေကို အသေးစိတ် ဆွေးနွေးကြဖို့ပါ။



အခု ကျွန်တော်တို့ ဒီစာအုပ်မှာ ဆွေးနွေးမယ့်
စီမံချက်ဒီဇိုင်းဆိုတာက
logical framework approach နဲ့
ဒီဇိုင်းဆွဲတဲ့နည်းပါ။
ဒီနည်းနဲ့ ဒီဇိုင်းလုပ်မယ်ဆိုရင်
အဓိကအနေနဲ့ အဆင့် ၂ဆင့် ရှိတယ်။
analysis နဲ့ logframe ပါ။


analysis ဆိုတာဘာလဲ။
ဘာတွေကို ဘယ်လို analyze လုပ်ရမှာလဲ။

ပထမဦးဆုံးအနေနဲ့ ကိုယ်စီမံချက်လုပ်မယ့် ပတ်ဝန်းကျင် အခြေအနေအရပ်ရပ်ကို
ဆန်းစစ်လေ့လာဖို့ လိုပါတယ်။ အခြေအနေဆန်းစစ်လေ့လာမှု (situational analysis)ကို
assessment နဲ့ တွဲလုပ်တာမျိုးတွေ၊ assessment ဆိုတာ situational analysis ပါပဲလို့
ပြောကြတာမျိုးတွေလည်းရှိပါတယ်။ ဒီအဆင့်ကိုပဲ initial diagnosis လို့ခေါ်တာမျိုး၊
project identification လို့ခေါ်တာမျိုးတွေလည်းရှိပါတယ်။ အယူအဆအမျိုးမျိုးပေါ့။
ဘယ်လိုခေါ်ခေါ် situational analysis မှာ စီမံချက်နဲ့ ပတ်သက် ဆက်စပ်နိုင်တဲ့
လူပုဂ္ဂိုလ် တစ်ဦးချင်းအကြောင်းတွေ၊ အဖွဲ့အစည်းအကြောင်းတွေကို လေ့လာဆန်းစစ်မယ်။
ဒါကို stakeholder analysis လို့ခေါ်ကြပါတယ်။ တချို့တွေက partner & power analysis လို့
ခေါ်တာမျိုးလည်း ရှိပါတယ်။ ပြီးရင် ကိုယ်စီမံချက်လုပ်မယ့် အဖွဲ့တွင်းအားသာချက်၊
အားနည်းချက်တွေနဲ့ ပြင်ပအခွင့်အလမ်း၊ အဟန့်အတားတွေအကြောင်း လေ့လာဆန်းစစ်ရပါမယ်။
ဒါကိုတော့ SWOT analysis လို့ခေါ်ကြပါတယ်။

Stakeholder Analysis


stakeholder analysis အကြောင်း ပြောတော့မယ်ဆိုရင်
ပထမဆုံးအနေနဲ့ stakeholder ဆိုတဲ့ စကားလုံးကို
ရှင်းရှင်းလင်းလင်းသိဖို့လိုပါလိမ့်မယ်။
stakeholder ဆိုတာ လူတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့၊
အဖွဲ့အစည်းကြီးတစ်ခု၊ ရပ်ရွာဒေသတစ်ခု စသဖြင့် ဖြစ်နိုင်ပါတယ်။
အဓိကကတော့ ကိုယ်လုပ်မယ့် စီမံချက်ကို စိတ်ဝင်စားတဲ့သူ၊ ပတ်သက်ဆက်နွယ်လာနိုင်တဲ့သူ
ဘယ်သူမဆို ဘယ်အဖွဲ့မဆို ကိုယ့်ရဲ့ stakeholderတွေပါပဲ။

တချို့တွေက partner လို့လည်း သုံးကြပါတယ်။
သူတို့အကြောင်း ဘယ်လို
ဆန်းစစ်လေ့လာကြမလဲ။
ဆန်းစစ်လေ့လာတဲ့ နည်းလမ်းတွေ
အမျိုးမျိုးရှိပါတယ်။
ဇယားကွက်အမျိုးမျိုးထဲမှာ အကြောင်းအရာ
အမျိုးမျိုးကို
သူပုံစံနဲ့သူ ထည့်သွင်းစဉ်းစားကြတာမျိုးတွေပါ။



ဒီစာအုပ်မှာ အဓိကအနေနဲ့ဆွေးနွေးချင်တာကတော့
ကိုယ့် stakeholder တွေရဲ့ power & interest ကို
သေချာဆန်းစစ်လေ့လာဖို့ပါ။ power ဆိုတာကတော့ အားလုံးသိကြတဲ့အတိုင်းပါပဲ။
လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုဟာ သူ့ပတ်ဝန်းကျင်အပေါ် ဘယ်လောက် သြဇာညောင်းတယ်။
ဘယ်လောက်အတိုင်းအတာအထိ ဆုံးဖြတ်ပိုင်ခွင့် ပေးနိုင်တယ်၊ လုပ်ပိုင်ခွင့်ရှိတယ်၊
အခွင့်အာဏာရှိတယ် ဆိုတဲ့သဘောကို ဆိုလိုတာပါ။
interest ကိုတော့ အများစုက စိတ်ဝင်စားမှုလို့ပဲ ပြောကြပါတယ်။
မှန်ပါတယ်။ စိတ်ဝင်စားမှုအပြင် အကျိုးစီးပွားဆိုတဲ့ သဘောတရားလည်း ပါဝင်ပါတယ်။
stakeholder တွေ ဖြစ်စေချင်တဲ့ အကျိုးရှိစေချင်တဲ့ ကိစ္စမျိုးတွေပါ။

လွယ်ကူရိုးရှင်းတဲ့ ဇယားကွက်လေးတစ်ခုကိုမိတ်ဆက်ပေးချင်ပါတယ်။ ကြည့်ကြည့်ရအောင် ...



ဒီဇယားကွက်လေးထဲမှာ အဓိကအနေနဲ့ အကွက်လေးကွက် ရှိပါတယ်။
ကိုယ့် stakeholder တွေရဲ့ level အနိမ့်အမြင့်ပေါ် မူတည်ပြီး
အကွက်လေးကွက်ထဲက တစ်ကွက်ကွက်ထဲမှာ အစဉ်လိုက် ချရေးရမှာပါ။
ဥပမာ။ ။ ကိုယ့် stakeholder က စိတ်ဝင်စားမှုများပြီး သြဇာအာဏာနည်းနေတယ် ဆိုပါစို့။
အဲဒီအဖွဲ့အစည်း၊ ဒါမှမဟုတ် လူတစ်ဦးဟာ empowerment ဆိုတဲ့အကွက်ထဲမှာ ရှိနေပါလိမ့်မယ်။
ဒီလိုပါပဲ။ စိတ်ဝင်စားမှုများမယ်။ သြဇာအာဏာလည်း များမယ်ဆိုရင် partnership အကွက်ထဲမှာ
ရှိမယ်။ နှစ်ခုလုံးနည်းနေရင် information အကွက်၊ စိတ်ဝင်စားမှုနည်းပြီး
သြဇာများရင် advocacy အကွက်တွေထဲ ရောက်သွားပါလိမ့်မယ်။
အဲဒီလို ရှိသမျှ stakeholder တွေ အကုန်လုံး ဇယားကွက်ထဲရောက်သွားပြီ ဆိုပါစို့။
အကွက်တစ်ကွက်ချင်းစီကို ပြန်ကြည့်ကြည့်ရအောင်...
ပထမအကွက်ရဲ့ နာမည်က Empowerment ပါ။ ဆိုလိုချင်တာက ကိုယ်လုပ်မယ့် ပရောဂျက်ကို
စိတ်ဝင်စားမှုများပေမယ့် သြဇာအာဏာသိပ်မရှိတဲ့ stakeholder တွေက အဲဒီထဲမှာ ရှိနေပါမယ်။
သူတို့တွေကို Empower လုပ်ရမယ်လို့ ပြောချင်တာပါ။ Empower လုပ်တယ်ဆိုတာကတော့
လွယ်လွယ်ပြောရရင် သူတို့တတွေက စိတ်ဝင်စားမှုများပေမယ့် သြဇာအာဏာနဲ့ လုပ်ပိုင်ခွင့်တွေ
အားနည်းတယ်။ ဒီတော့ သူတို့လိုလူမျိုးတွေကို လုပ်ပိုင်ခွင့်တွေ တိုးလာအောင်၊
ပါဝါပိုရှိလာအောင် လုပ်ပေးဖို့ လိုတယ်။
Partnership အကွက်ထဲ ရှိနေသူတွေကတော့ စိတ်ဝင်စားမှုလည်းမြင့်၊ လုပ်ပိုင်ခွင့်လည်း မြင့်တဲ့
လူမျိုးတွေပါ။ အဲဒီလိုလူမျိုးတွေနဲ့ လက်တွဲမဖြုတ်တမ်း ချိတ်ဆက်ထားရမယ်။
Information ဆိုတဲ့အကွက်ထဲက လူတွေကတော့ နှစ်ခုစလုံး နည်းသူတွေဆိုတော့
သူတို့ကို ကိုယ့်အကြောင်း Information များများပေးရမယ်လို့ ပြောချင်တာပါ။
နောက်ဆုံးတစ်ခုကတော့ Advocacy ဆိုတဲ့ အကွက်ပါ။ သူတို့ကတော့ သြဇာပါဝါများများရှိပေမယ့်
စိတ်ဝင်စားမှုနည်းတဲ့သူတွေဆိုတော့ သူတို့ကို advocate လုပ်ပေးရမယ်။


SWOT Analysis

Stakeholder analysis ပြီးတဲ့အခါမှာ
နောက်ထပ် analyze လုပ်စရာတစ်ခုနဲ့ မိတ်ဆက်ပေးချင်ပါတယ်။
အဲဒါကတော့ SWOT ပါ။ SWOT analysis ဆိုတာကတော့
အားလုံးသိကြတဲ့အတိုင်း Strengths အားသာချက်တွေ၊
Weaknesses အားနည်းချက်တွေ၊ Opportunities အခွင့်အလမ်းတွေ၊
Threats အန္တရာယ်အဟန့်အတားတွေကို analyze လုပ်တာပါ။
အဲဒီတော့ SWOT ကို analyze လုပ်တဲ့အခါမှာ
စီမံချက်တစ်ခုအနေနဲ့ စဉ်းစားပြီး လုပ်လို့ရတယ်။
ကိုယ့်အဖွဲ့အစည်း organization level အတွက်လည်း စဉ်းစားပြီးလုပ်လို့ရတယ်။
နောက်ဆုံး တကယ်လုပ်မယ်ဆိုရင် ကိုယ့် personal
ကိုယ့်တစ်ယောက်တည်းအတွက် လုပ်မယ်ဆိုရင်တောင် လုပ်လို့ရပါတယ်။
ဒါက ဘယ် level တွေမှာ လုပ်လို့ရတယ်ဆိုတာကို ပြောတာပါ။

အောက်မှာဖော်ပြထားတဲ့ ဇယားကွက်လေးကို ကြည့်ကြည့်ရအောင်။
ရိုးရှင်းလွယ်ကူပါတယ်။

Strengths	Weaknesses
၁. ရုပ်ချောတယ် ၂. သဘောကောင်းတယ် ၃. စကားပြောကောင်းတယ်	၁. ခံစားလွယ်တယ် ၂. အားနာတတ်တယ်
Opportunities	**Threats**
၁. သရုပ်ဆောင်သစ်ရွေးပွဲတွေ ဆက်တိုက်ကျင်းပနေတယ်	၁. ရုပ်ရှင်ဆင်ဆာအဖွဲ့က စည်းကမ်းချက် အသစ်တွေထုတ်ပြန်လိုက်တယ်

ကိုယ့်အားသာချက်၊ အားနည်းချက်၊
အခွင့်အလမ်း၊ အတားအဆီးတွေကို
တစ်ကွက်ချင်းစီမှာ အစဉ်လိုက်
ချရေးတာမျိုးပါ။ အဲဒီမှာ နည်းနည်းလေး
သတိထားဖို့က Internal နဲ့ External ကို
ကွဲကွဲပြားပြား ခွဲခြားပေးဖို့ပါပဲ။
ဒီပုံလေးကို ကြည့်ပါ။



အပေါ်ပိုင်း အစိမ်းရောင်လေးထဲမှာ Strength နဲ့ Weakness ပါပါတယ်။ အဲဒါက Internal ကိစ္စပါ။ ဆိုလိုတာက ကိုယ်တစ်ယောက်တည်း၊ သို့မဟုတ် ကိုယ့်အဖွဲ့အစည်းတွင်း ကိစ္စတွေပါ။ ကိုယ့်အဖွဲ့တွင်းမှာ ရှိနေတဲ့ အားသာချက်၊ အားနည်းချက်တွေကို ပြောရမှာပါ။
အဲဒီမှာ ကိုယ် Control လုပ်လို့ရတဲ့ အတိုင်းအတာတွင်းမှာ ရှိရပါမယ်။ ကိုယ် Control လုပ်လို့ မရတဲ့ အပြင်က ကိစ္စတွေ External factor တွေနဲ့ မဆိုင်ပါဘူး။ ခရမ်းရောင် External ထဲမှာတော့ Opportunity နဲ့ Threat တွေပါပါတယ်။ အကြောင်းအရာတစ်ခုကိုစဉ်းစားရင် အဲဒီဘောင်နဲ့ စဉ်းစားရမှာပါ။ တစ်ခါတစ်ခါ အကြောင်းအရာတစ်ခုဟာ Internal လား၊ External လားဆိုတာ စဉ်းစားရခက်ပါတယ်။ မှားတတ်ပါတယ်။

အငြင်းအခုံတွေ များများလုပ်ဖို့ လိုပါတယ်။

ကိုယ့်အဖွဲ့တွင်းကိစ္စနဲ့ ပြင်ပပတ်ဝန်းကျင် အခြေအနေတွေကို ရှင်းရှင်းလင်းလင်း မြင်သာသွားအောင် ငြင်းခုံဆွေးနွေးပြီး သဘောတူညီချက် ရယူဖို့ လိုပါတယ်။ အဲဒါ SWOT ရဲ့ အသက်ပါပဲ။

နောက်တစ်ခုက Strategies တွေရှာတာပါ။
အောက်က ဇယားကွက်လေးကို ထပ်ကြည့်ကြည့်ရအောင်။

	Strengths	Weaknesses
Opportunities	**S-O strategies** ကိုယ့်အဖွဲ့တွင်းအားသာချက်တွေနဲ့ အကောင်းဆုံးကိုက်ညီနေတဲ့ အခွင့်အလမ်းတွေကို ဖော်ထုတ်ပြီး ဆုပ်ကိုင်ရယူတာမျိုးပါ။	**W-O strategies** ပတ်ဝန်းကျင်မှာရှိနေတဲ့ အခွင့်အလမ်းတွေကို ရယူဆုပ်ကိုင်နိုင်ဖို့အတွက် ကိုယ့်အားနည်းချက်တွေကို ပြုပြင်တာမျိုးပါ။
Threats	**S-T strategies** ခြိမ်းခြောက်မှု အန္တရာယ်တွေရဲ့ ဖြစ်နိုင်ချေတွေလျော့ချဖို့ ကိုယ့်အားသာချက်တွေကို အသုံးချတာမျိုးပါ။	**W-T strategies** ခြိမ်းခြောက်မှု အန္တရာယ်တွေရဲ့ ဖြစ်နိုင်ချေတွေကိုးလာရင် ကိုယ့်အဖွဲ့တွင်း အားနည်းချက်တွေက ပိုဆိုးလာနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးကို ကာကွယ်ဖို့ ကြိုတင်ပြင်ဆင်ရတာမျိုးပါ။


ဘာတွေသတိထားမိပါလဲ။
သူငယ်ချင်း
အပေါင်းအသင်းတွေနဲ့
ဆွေးနွေးကြည့်ပါ။



Problem Analysis

ပြီးခဲ့တဲ့အခန်း Assessment မှာတုန်းက ဆွေးနွေးခဲ့တဲ့ အတိုင်းပါပဲ။
ရပ်ရွာဒေသမှာ လက်ရှိဖြစ်ပျက်နေတဲ့ ပြဿနာတွေက ဘာလဲ။
ပြဿနာတွေရဲ့ အရင်းအမြစ်တွေက ဘာတွေလဲဆိုတာကို
ဆန်းစစ်လေ့လာဖို့လိုတယ်လို့ ပြောခဲ့ပါတယ်။
ပြဿနာတွေကို ဆန်းစစ်လေ့လာတဲ့နည်းတွေ အများအပြား ရှိနိုင်ပါတယ်။
အဲဒီနည်းလမ်းတွေထဲက တစ်ခုကတော့ Problem Tree ပါ။
အခု အပေါ်ပုံမှာ ဖော်ပြထားတာက
ပြဿနာတွေကို သစ်ပင်ပုံစံလေ့လာဆန်းစစ်တဲ့နည်းလမ်းတစ်ခုပါ။
ပြဿနာတွေအများအပြားရှိတဲ့အထဲက
အဓိကအကျဆုံးပြဿနာကို အရင်ဆုံးရွေးထုတ်ရပါတယ်။
အဲဒီ အဓိကပြဿနာကို သစ်ပင်ရဲ့ ပင်စည်အနေနဲ့ သဘောထားလိုက်ရင်
အဲဒီ ပြဿနာဖြစ်ရတဲ့အကြောင်းအရင်းတွေက သစ်ပင်ရဲ့ အမြစ်တွေပေါ့။
ပြဿနာရဲ့နောက်ဆက်တွဲအကျိုးဆက်တွေက အကိုင်းအခက်တွေပေါ့။
အကြောင်းနဲ့ အကျိုးကို သစ်ပင်တစ်ပင်ပုံစံနဲ့ ဆန်းစစ်သုံးသပ်တာမျိုးပါ။

ဥပမာအနေနဲ့ တစ်ခုလုပ်ပြထားပါတယ်။ လေ့လာကြည့်ပါဦး။




အပေါ်မှာ ဖော်ပြထားတဲ့ပုံမှာ မြင်တဲ့အတိုင်းပါပဲ။
အဓိကပြဿနာက ယာဉ်မတော်တဆ တိုက်မှုတွေ မကြာခဏ ဖြစ်ပွားနေတာပါ။
ဒါဟာ သစ်ပင်ရဲ့ ပင်စည်ပါပဲ။ အဲဒီပင်စည် (အဓိကပြဿနာ)က ဘာကြောင့် ဖြစ်ရတာလဲ။
ရှင်းရှင်းလေးပါ။ အဓိက အမြစ်တွေဖြစ်တဲ့ ယာဉ်မောင်းတွေ ဂရုမစိုက်ဘူး။ ကားတွေမကောင်းဘူး။
လမ်းတွေမကောင်းဘူး။ ဒါတွေဟာ ဒီသစ်ပင်ဖြစ်လာရတဲ့ အဓိက အမြစ်တွေပါပဲ။
ဆက်စဉ်းစားကြည့်ရအောင်။ ယာဉ်တွေဘာလို့ မကောင်းရတာလဲ။
ဘာလို့မကောင်းတာလဲဆိုတော့ ယာဉ်တွေက အိုမင်းဟောင်းနွမ်းနေပြီ။ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုမရှိဘူး။
အဲဒီတော့ ယာဉ်တွေက မကောင်းနိုင်တော့ဘူး။ ဒါက နောက်တစ်ဆင့် မြစ်ပွားတွေလို့ ပြောလို့ရပါတယ်။
ပြဿနာပင်စည်ဖြစ်ရတဲ့ အကြောင်းတရားတွေကို အဲဒီလိုအဆင့်ဆင့်စဉ်းစားသွားတာပါ။
နောက်တစ်ခုက အဓိကပြဿနာရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေကို စဉ်းစားတာပါ။
ဒါတွေကတော့ သစ်ပင်ရဲ့ အကိုင်းအခက်တွေလိုပါပဲ။ ယာဉ်တိုက်မှုတွေဖြစ်တော့ နောက်ဆက်တွဲအနေနဲ့
ခရီးသည်တွေ ဒဏ်ရာရမယ်။ သေကြေကြမယ်။ နောက်တဆင့်ဆက်စဉ်းစားကြည့်ရင်
အဲလို ဒဏ်ရာရ၊ သေကြေကြတဲ့ ခရီးသည်တွေရဲ့ မိသားစုတွေအဖို့ စိမ့်ပွားရေးကိုလည်း
သွားထိခိုက်တော့တာပေါ့။ ဒီအဆင့်ကျတော့ သစ်ပင်ရဲ့ အခက်တွေ၊ အရွက်တွေဖြစ်ကုန်ရော။
ဒီလောက်ဆို စဉ်းစားသွားပုံ အဆင့်ဆင့်ကို သတိထားမိလောက်ပါပြီ။


ဒီနည်းလမ်းကို သုံးပြီး problem analyze လုပ်မယ်ဆိုရင်
သတိထားစရာကောင်းတဲ့ အချက်လေးတွေကို နည်းနည်း ပြောပြချင်ပါတယ်။
ပထမတစ်ချက်ကတော့ အဓိကပြဿနာ ဖြစ်ရတဲ့ အကြောင်းအရင်း (cause) တွေကို
စဉ်းစားတဲ့အခါမှာ cause တစ်ခုချင်းစီအကြောင်းကို တိတိကျကျပြောဖို့လိုပါတယ်။
ဥပမာ။ ။ ဗဟုသုတနည်းတယ်လို့ ယေဘုယျသဘောမပြောဘဲ ဘယ်အကြောင်းအရာနဲ့
ပတ်သတ်တဲ့ ဗဟုသုတနည်းလဲဆိုတာ တိတိကျကျ ရှင်းရှင်းလင်းလင်း ပြောဖို့ပါ။ အဲလို
တိတိကျကျမပြောရင် cause တွေက ရောထွေးသွားတတ်ပါတယ်။ cause တစ်ခုချင်းစီက
လွတ်လွတ်လပ်လပ် ရှင်းရှင်းလင်းလင်းရှိနေမှ စဉ်းစားရတာပိုအဆင်ပြေပါတယ်။
အားလုံးရောစဉ်းစားရင် သစ်ပင်တစ်ပင်ရဲ့ အမြစ်တွေ ရှုပ်ထွေးနေသလိုဖြစ်တတ်ပါတယ်။
အဓိကအမြစ်တွေကိုအရင်စဉ်းစားပြီး အဓိကအမြစ်တစ်ခုချင်းစီရဲ့ မြစ်ဖွားတွေကို
စဉ်းစားရတဲ့ သဘောပါပဲ။

Objective Analysis

Objective analysis ဆိုတာကတော့ problem tree ထဲမှာပါတဲ့ အဓိကပြဿနာ၊
ပြဿနာဖြစ်ရတဲ့အကြောင်းအရင်းတွေနဲ့ ပြဿနာရဲ့ အကျိုးဆက်တွေကို
ရည်ရွယ်ချက်တွေအနေနဲ့ ပြောင်းလဲပစ်တာပါ။
အနာသိရင် ဆေးရှိတယ်ဆိုတဲ့ စကားအတိုင်း ဘာပြဿနာတွေ ဖြစ်နေပြီလဲ
ဘာကြောင့်ဖြစ်နေတာလဲဆိုတာကို သိရင် ဘယ်လောက်ထိ ကောင်းချင်လဲ၊
ဘယ်လိုဖြေရှင်းရမလဲဆိုတာကို ဆက်စဉ်းစားလို့ရပါပြီ။
ကဲ ဆေးရှာကြည့်ကြရအောင် ...



အဲဒီအတိုင်း အဆင့်ဆင့် ဆက်စဉ်းစားကြည့်သွားရင် objective tree (ရည်ရွယ်ချက်သစ်ပင်) ထွက်လာပြီပေါ့။



အခု ဒီသစ်ပင်ကိုလည်း problem tree လိုပဲ အပိုင်း ၃ပိုင်း ခွဲကြည့်လို့ရပါတယ်။ အလယ်က "ယာဉ်မတော်တဆတိုက်မှုများ လျော့ကျသွားခြင်း" ဆိုတဲ့အပိုင်းဟာ objective tree ရဲ့ပင်စည်ပေါ့။ ဖြစ်ချင်တဲ့ ရည်ရွယ်ချက်တွေထဲက အဓိကအကျဆုံး ရည်ရွယ်ချက်ပါ။ အဲဒီ အဓိကရည်ရွယ်ချက် အောင်မြင်ရင် ဘာတွေဆက်ဖြစ်မလဲ။ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ယာဉ်တိုက်မှုတွေ လျော့ကျသွားရင် ခရီးသည်တွေ လိုရာခရီးကို အချိန်မီရောက်မယ်။ အဲဒီလိုဆိုရင် အဲဒီကားလိုင်းပေါ်မှာ ယုံကြည်မှုတိုးလာပြီး ကျေနပ်မှုရှိမယ်။ ဒါတွေကတော့ အကျိုးဆက်အနေနဲ့ ဖြစ်လာမယ့် ရလဒ်တွေပါပဲ။ တစ်နည်းပြောရရင် ဒီသစ်ပင်ရဲ့ အကိုင်းအခက်တွေပေါ့။ အကျိုးဆက်တွေပေါ့။ အကိုင်းအခက်တွေနဲ့ ပင်စည်ပိုင်းတွေဆွေးနွေးပြီးပြီဆိုတော့ ပင်စည်အောက်ပိုင်းကို စဉ်းစားကြည့်ရအောင်။ ဘာတွေ တွေ့မိလဲ။ ဘာတွေးမိလဲ။ စဉ်းစားကြည့်ရအောင် ...။ ယာဉ်မောင်းတွေက ဂရုတစိုက်မောင်းမယ်၊ ယာဉ်တွေကလည်း အခြေအနေကောင်းမယ်၊ လမ်းတွေကလည်း ကောင်းနေမယ်ဆိုရင် ယာဉ်မတော်တဆဖြစ်မှုတွေ လျော့ကျလာမှာပါ။ ဆိုတော့ အဲဒီအချက်သုံးချက်က ဒီအပင်ဖြစ်လာဖို့ အဓိကကျတဲ့ အမြစ် ၃ ခုပဲ ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ပြဿနာတွေကို ဖြေရှင်းမယ့် နည်းလမ်းတွေ ways တွေပေါ့။ တချို့ကတော့ approach လို့ခေါ်ကြတယ်။ strategy လို့ ပြောကြတာမျိုးလည်း ရှိတယ်။ means တွေလို့လည်း တချို့က ခေါ်ကြသေးတယ်။ အမျိုးမျိုးပေါ့။ ဘယ်လိုပဲခေါ်ခေါ် ဒီနေရာမှာ အဓိကပြောချင်တာက အဲဒီဖြေရှင်းနည်းတွေဟာ ဒီအတိုင်း သူ့အလိုအလျောက်ဖြစ်မလာ၊ ရမလာပါဘူး။ လုပ်ယူမှ ရမယ်ဆိုတာကိုပါ။ အောက်တစ်ဆင့်နိမ့်တဲ့ အမြစ်တွေကို ဆက်ကြည့်ရအောင်။ ယာဉ်ဟောင်းတွေကို အစားထိုးတာ၊ ယာဉ်တွေကို ပုံမှန်ပြုပြင်ထိန်းသိမ်းတာတွေဟာ တစ်နည်းပြောရရင် လုပ်ဆောင်ရမယ့်အရာ activities တွေပါ။

အဲဒီတော့ ဒီအဆင့်က လုပ်ဆောင်ချက်တွေလုပ်ရင် အပေါ်တစ်ဆင့်မှာ ပြောင်းလဲမယ်။
အဲဒီအဆင့်မှာရှိတဲ့ အမြစ်တွေပြောင်းလဲရင် ပင်စည်လည်း ပြောင်းလဲမယ်။
ပင်စည်မှာ ပြောင်းလဲမှုတွေ ဖြစ်ရင်တော့ အကျိုးဆက်အနေနဲ့ ကောင်းတဲ့အကိုင်းအခက်တွေ
ထွက်လာနိုင်ပါပြီ။ ပြန်ကြည့်ရရင် ဒီလိုနည်းလမ်းတွေအတိုင်းလုပ်သွားရင်
ဒီနေရာကိုရောက်မယ် ဒါတွေဖြစ်လာမယ်လို့ ပြောချင်တာပါ။
အင်္ဂလိပ်လိုတော့ **means-ends relationship** လို့ခေါ်ပါတယ်။
ဒီလောက်ဆိုရင်တော့ objective tree မှာ စဉ်းစားပုံတွေနဲ့ ဆက်စပ်ပုံတွေအကြောင်း
တော်တော်အဆင်ပြေသွားလောက်ပါပြီ။ ဒါဆို objective analysis လုပ်တဲ့အခါမှာ
သတိထားစရာအချက်တချို့ကို နည်းနည်းဝေမျှချင်ပါတယ်။


1. Objective tree ရဲ့ အလယ်က ပင်စည်ဟာ problem tree ရဲ့ ပင်စည်အတိုင်းပါပဲ။ main problem ကို main objective အနေနဲ့ စဉ်းစားထားတာပါ။ negative ကို positive အနေနဲ့ ပြောင်းလိုက်တဲ့ သဘောပါပဲ။ ဒီလိုပဲ problem tree ရဲ့ အမြစ်တွေ၊ အကိုင်းအခက်တွေကလည်း objective tree ရဲ့ အမြစ်တွေ၊ အကိုင်းအခက်တွေနဲ့ ဆက်စပ်မှုရှိနေရမှာ ဖြစ်ပါတယ်။
2. နောက်စဉ်းစားစရာတစ်ချက်က ပင်စည်တစ်ခုဖြစ်လာဖို့ အမြစ်တွေရှိရမယ်ဆိုတဲ့ သဘောပါ။ အဓိက ရည်ရွယ်ချက်ပင်စည် အောင်မြင်ဖို့ သန်မာတဲ့ အဓိကအမြစ်တွေ ရှိရမယ်။ အဲဒီလို အမြစ်တွေသန်မာဖို့ မြစ်ပွားတွေက လုပ်ဆောင်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေလုပ်ရင် ဒါတွေရမလား။ ဒါတွေရရင် ဒါတွေဆက်ဖြစ်နိုင်မလား။ အပြန်အလှန်အနေနဲ့ ဒါတွေရဖို့ ဒါတွေ ရှိနေဖို့ လိုတယ်။ ဒါတွေရှိဖို့ ဒါတွေလုပ်ဖို့လိုတယ် ဆိုတာတွေကို အပြန်ပြန် အလှန်လှန် သုံးသပ်ဖို့လည်း လိုပါတယ်။
3. နောက်တစ်ခုကတော့ problem analysis လုပ်တုန်းက ဆန်းစစ်သုံးသပ်မှုတွေ မလုံလောက်ခဲ့ဘူး၊ မတိကျခဲ့ဘူး ဆက်စပ်မှုတွေ မရေရာ မခိုင်မာခဲ့ဘူးဆိုရင် objective analysis လုပ်တဲ့အခါမှာ အခက်တွေ့နိုင်ပါတယ်။

ဒီ objective tree ဟာ ရှေ့ဆက်သွားမယ့် log-frame ရဲ့ အသက်ပဲ ဖြစ်ပါတယ်

လို့ ပြောကြားပါရစေ။ ကဲ ဒါဆိုနောက်တစ်ခု ဆက်သွားကြည့်ရအောင်...

Strategy Analysis

ရှေ့ပိုင်းမှာ ပြဿနာဖြေရှင်းနည်းတွေအဆင့်ဆင့်ကို
သုံးသပ်ဆန်းစစ်ကြည့်ပြီးပါပြီ။
အဲဒီမှာ ကျွန်တော်တို့ ဘာတွေစဉ်းစားမိခဲ့သေးလဲ။
ဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေရှိနေတာတော့ ဟုတ်ပါပြီ။
ရှိသမျှနည်းတွေ အားလုံးလုပ်မှာလား။
စဉ်းစားကြည့်ရအောင်နော်...



Objective analysis မှာ စဉ်းစားခဲ့တဲ့အတိုင်း "ယာဉ်မတော်တဆတိုက်မှုများ လျော့ကျသွားခြင်း" ဆိုတဲ့ အဓိကရည်ရွယ်ချက်တစ်ခုဆီ အရောက်သွားနိုင်တဲ့ နည်းလမ်းသုံးသွယ်ရှိပါတယ်။ ဒါရွေးစရာနည်းလမ်းတွေလို့ ပြောလို့ရမယ်ထင်ပါတယ်။ **option 1, option 2, option 3** လို့ စဉ်းစားကြည့်ရင် **option** တစ်ခုစီဟာ မတူညီတဲ့ အကြောင်းအရာတစ်ခုစီကို ကိုယ်စားပြုတာတွေ့ရပါတယ်။


အဲလိုပြောရင် option 1 က ယာဉ်မောင်းတွေပိုကောင်းအောင်လုပ်တာ၊
option 2 က ယာဉ်တွေပိုကောင်းအောင် လုပ်တာ၊
option 3 က လမ်းတွေပိုကောင်းအောင်လုပ်တာလို့ အကြမ်းဖျင်း ခွဲခြားနိုင်ပါတယ်။
အဲဒီမှာ သုံးမျိုးစလုံးကို လုပ်နိုင်မယ်။ တစ်နည်းအနေနဲ့ ရှိသမျှ means တွေ အကုန်လုံးကို
လုပ်နိုင်မယ် ဆိုရင်တော့ အကောင်းဆုံးပေါ့။ တကယ်လက်တွေ့မှာတော့ အကုန်လုံးကို
လိုက်လုပ်ဖို့ဆိုတာ ဖြစ်နိုင်ချင်မှ ဖြစ်နိုင်ပါလိမ့်မယ်။
ကျွန်တော်တို့တွေမှာ အကန့်အသတ်တွေ အများကြီးရှိနိုင်ပါတယ်။
ဥပမာ အချိန်၊ ငွေကြေး၊ နည်းပညာ၊ လုပ်ပိုင်ခွင့်၊ Resource စတာတွေကိုလည်း
ထည့်သွင်းစဉ်းစားရဦးမှာပါ။ ဆိုတော့ ဒီမှာ မေးစရာက ပေါ်လာပါပြီ။
အားလုံး မလုပ်နိုင်ဘူးဆိုရင် ဘာတွေကိုပဲ ရွေးပြီးလုပ်မှာလဲ။
ဘယ်လိုရွေးကြမလဲ။ စဉ်းစားတဲ့ပုံစံ အမျိုးမျိုး ရှိနိုင်ပါတယ်။
နမူနာအနေနဲ့ ရှင်းလင်းလွယ်ကူတဲ့ ပုံစံတစ်ခုအကြောင်း ဒီမှာ ဆွေးနွေးချင်ပါတယ်။
ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတဲ့အတိုင်းပါပဲ။ option သုံးခုရှိပါတယ်။
ကျွန်တော်တို့က ဘတ်စ်ကားကုမ္ပဏီတစ်ခုလို ဘတ်စ်ကားလိုင်းတစ်ခုလို
စဉ်းစားကြည့်ရင် အဲဒီထဲက option 1 နဲ့ 2 က ကျွန်တော်တို့အဆင့်နဲ့
လက်လှမ်းမီနိုင်ပါတယ်။ option 3 ကတော့ ဘတ်စ်ကားလိုင်း တစ်ခုလောက်အနေနဲ့
စဉ်းစားရင် လက်လှမ်းမီတဲ့ အနေအထားမှာ မရှိပါဘူး။ ဝန်ကြီးဌာနအဆင့်၊
နိုင်ငံတော်အဆင့်က လုပ်မှရမယ့် ကိစ္စမျိုး ဖြစ်နေပါတယ်။
အဲလို option မျိုးတွေဆိုရင်တော့ ကျွန်တော်တို့ ရွေးလို့ မရနိုင်တော့ပါဘူး။
ဆိုတော့ ဒီဥပမာမှာ ကျန်တဲ့ နည်းလမ်းနှစ်ခုကိုပဲ စဉ်းစားရပါလိမ့်မယ်။
ဘယ်လိုစဉ်းစားထားလဲဆိုတာ အောက်က ဇယားကွက်လေးမှာ ကြည့်ကြည့်ရအောင် ...

Criteria	Option 1	Option 2	Option 1 + 2
Cost	Low	High	High
Chance of Success	Low	Low	High
Cost-Benefit	High	Low	High
Time frame	Short	Medium	Medium
Social Risk	Low	Low	Low

အခုပေးထားတဲ့ ဥပမာထဲက (critreia) ထည့်သွင်းစဉ်းစားတဲ့ အချက်တွေက ပုံသေရယ်လို့ မရှိပါဘူး။ ကိုယ့်လုပ်ငန်း၊ ကိုယ့်စီမံချက်အနေနဲ့ ဆုံးဖြတ်ချတဲ့အခါမှာ ထည့်သွင်းစဉ်းစားသင့်တဲ့အချက်တွေအားလုံးကို criteria အဖြစ်သုံးနိုင်ပါတယ်။ နောက်တစ်ခု SWOT analyis နဲ့ ချိတ်ဆက်စဉ်းစားနိုင်ရင် ပိုကောင်းပါတယ်။ အဲဒီမှာ တွေ့ရှိခဲ့တဲ့ အချက်အလက်တွေဟာလည်း option တွေရွေးချယ်ရာမှာ ပြန်လည်အသုံးဝင်နိုင်ပါတယ်။ အခုဆွေးနွေးခဲ့တာတွေကတော့ စီမံချက်တစ်ခု အကောင်အထည်ဖော်ဖို့အတွက် ကိုယ့်စီမံချက်ကို ဘယ်လောက်အတိုင်းအတာထိ လုပ်မယ်ဆိုတာကို ကိုယ့်ရှိတဲ့ resource ၊ အချိန်၊ ငွေကြေး စတာတွေနဲ့ ချိန်ထိုးပြီး project scope ကို ဖော်ထုတ်တဲ့အကြောင်းပါ။ Project scope identification လို့ ခေါ်ကြသလို strategy analysis လို့လည်း အသုံးများပါတယ်။

ဆိုရင် ကျွန်တော်တို့ ဒီနေရာမှာ ဘာပြဿနာတွေဖြစ်နေလို့ ဘာတွေလုပ်ကြမယ်ဆိုတာကို သတ်မှတ်ပြီးသွားပါပြီ။

နောက်တစ်ဆင့်အနေနဲ့ အဲဒါတွေကို ဘယ်လိုအကောင်အထည်ဖော်ကြမလဲဆိုတာကို ဆက်စဉ်းစားရမှာပါ။ ဒါကိုတော့ project designing လို့ လူသိများပါတယ်။ နောက်ဆုံး သတိချပ်စရာလေး တစ်ခုတင်ပြချင်ပါတယ်။ Analysis Stage မှာ stakeholder analysis တစ်ခုကလွဲလို့ ကိုယ်တစ်ယောက်တည်း တစ်ဖွဲ့တည်းလုပ်တာမျိုးမဟုတ်ဘဲ ဖြစ်နိုင်သမျှ ကိုယ့် stakeholder တွေအားလုံး ပါဝင်နိုင်ရင် ပိုကောင်းပါတယ်။ အဲဒါမှလည်း သတင်းအချက်အလက်တွေ ပိုမိုခိုင်မာပြီး ဖြစ်နိုင်ချေတွေကိုလည်း ပိုမိုဖော်ထုတ်နိုင်မှာ ဖြစ်ပါတယ်။



Logical Framework Approach


အခုဆိုရင် ကိုယ့် project ရဲ့ scope ကို သိသွားပါပြီ။
ဆိုတော့ အခုစီမံချက်ကို ဘယ်လိုအကောင်အထည်ဖော်မလဲ ဆိုတာကို
စဉ်းစားကြည့်ရအောင်။ ဒီနေရာမှာ တစ်ခု မိတ်ဆက်ပေးပါရစေ။
LFA ဆိုတဲ့ စကားလုံးလေးပါ။ Logical Framework Analysis/ Logical
Framework Approach လို့ ဆိုကြပါတယ်။ အဲဒီ log-frame ထဲမှာ ဆွဲထားတဲ့
အကြောင်းအရာတွေရဲ့ ဆက်စပ်မှုတွေ ယုတ္တိရှိ/ မရှိဆန်းစစ်တာက log-frame
analysis ဖြစ်ပြီး စီမံချက်တစ်ခုကို log-frame ပုံစံနဲ့ ချဉ်းကပ် ဒီဇိုင်းဆွဲပြီး
ပြင်ဆင် အကောင်အထည်ဖော်တာကတော့ log-frame approach ဖြစ်ပါတယ်။
အဲဒီတော့ log-frame မှာ ပါဝင်တဲ့ အစိတ်အပိုင်းတွေကို ရှင်းလင်းဖော်ပြထားတဲ့
ပုံစံတစ်ခုကို ကြည့်ကြည့်ရအောင်...

Objectives (What we want to achieve)	**Indicators** (How to measure change)	**Means of verification** (Where is the information to verify the change)	**Assumptions** (What else to be aware of)
Goal			
Outcomes			
Outputs			
Activities	Inputs	Costs	
			Precondition/s

ဒါတွေကတော့ log-frame တစ်ခုမှာပါဝင်တဲ့ အစိတ်အပိုင်းတွေကို အကြမ်းဖျင်း
မိတ်ဆက်ပေးတာပါ။ တစ်ခုချင်းစီအကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးပါမယ်။

Objective Summary

ပထမဆုံး **objectives column** အကြောင်း စဆွေးနွေးကြည့်ရအောင်...
ဒီဇယားကွက်ထဲမှာ ချရေးရမယ့် အကြောင်းအရာတွေဟာ အခုမှ စစဉ်းစားပြီး ရေးရတာမျိုး
မဟုတ်ပါဘူး။ ရှေ့က **objective analysis** မှာ စဉ်းစားထားတာတွေကို နည်းနည်းပိုပြီး
ပုံစံတကျဖြစ်အောင် ရေးသားလိုက်ရုံပါပဲ။ အဲဒီတော့ ဘာတွေကို
ဘယ်လိုရေးမလဲဆိုတာတွေကို မဆွေးနွေးခင် စကားလုံးတွေအကြောင်း
အရင်ပြောကြအောင်။ ပထမဆုံး စကားလုံးက **Objective** ပါ။ အားလုံးသိကြတဲ့အတိုင်း
ရည်ရွယ်ချက်ပေါ့။ ရည်ရွယ်ချက်ဆိုတာကတော့ ကျွန်တော်တို့ ဘာဖြစ်ချင်တာလဲဆိုတာကို
ပြောတာပါ။ အဲဒီမှာ **Level** တွေအဆင့်ဆင့်ရှိလာပါပြီ။
အချိန်ကာလအနေနဲ့ပိုင်းကြည့်ရအောင်။ ရေတို၊ ရေရှည်ဆိုတဲ့စကားလုံးတွေက
ကျွန်တော်တို့နဲ့ ရင်းနှီးပြီးသားပါ။ ကာလရှည်ကြာမှ နှစ်အကြာကြီးနေမှ ဖြစ်နိုင်တဲ့
ရည်ရွယ်ချက်မျိုးဆိုရင် ကျွန်တော်တို့ ပန်းတိုင်လို့ ပြောလေ့ရှိကြပါတယ်။
ဥပမာ နောင်၁၀နှစ်ကြာတဲ့အခါ တိုက်တစ်လုံး၊ ကားတစ်စီးပိုင်တဲ့လူဖြစ်ချင်တယ်လို့
ရည်ရွယ်ထားတယ် ဆိုတာမျိုးပေါ့။ ဒီနေရာမှာဆိုရင်တော့ အဲဒီလိုအဆင့်မျိုးက **Goal**
ပန်းတိုင်ပေါ့။ ရည်ရွယ်ချက်တွေထဲမှာ အမြင့်ဆုံးအဆင့်လို့ ပြောလို့ရမယ် ထင်တယ်။
အချိန်လည်း အများကြီးယူရမယ့် သဘောပေါ့။



နောက်တစ်ခုက Outcome ပါ။ ခုနက ဥပမာနဲ့ပဲ ဆက်ပြောရရင်
ဝင်ငွေကောင်းလာတာမျိုး၊ အကြွေးကင်းလာတာမျိုး၊ စုမိဆောင်းမိရှိလာတာမျိုး
တွေပေါ့။ အဓိကကျတဲ့ အပြောင်းအလဲတွေ ဖြစ်လာတဲ့အဆင့်မျိုးပါ။
အချိန်ကာလအနေနဲ့ဆိုရင် အလယ်အလတ်လောက်ရှိတာပေါ့။
အဲလိုအဆင့်မှာ ရှိတဲ့ ရည်ရွယ်ချက်မျိုးကို Outcome လို့ပြောချင်တာပါ။
နောက်တစ်ဆင့်ကတော့ Output ပါ။ ခုနကဥပမာအတိုင်းဆိုရင် ဝင်ငွေကောင်းပြီး
ရေရှည်မျှော်လင့်ချက်ရှိတဲ့ အလုပ်ရတာမျိုးကို ခေါ်လို့ရမယ်ထင်တယ်။
ကျွန်တော်တို့ ကြိုးစားလို့ အလုပ်ကောင်းကောင်းရပြီဆိုရင် ဒါ Output ထွက်တယ်လို့
ပြောလို့ရပါတယ်။ အလုပ်ကောင်းကောင်းရဖို့ ကြိုးစားခဲ့ရတာတွေအားလုံးကတော့
Activities တွေပေါ့။ ပညာကောင်းကောင်းသင်ရမယ်။ စားကြိုးစားရမယ်။
ဘာသာစကားတွေလေ့လာရမယ်။ သက်ဆိုင်ရာကျွမ်းကျင်မှုတွေရလာအောင်
လေ့လာဆည်းပူးရမယ်။ ကိုယ့်အဆက်အသွယ် Network တွေကို ချဲ့ရမယ်။
စသဖြင့် လုပ်ရတာမျိုးတွေပေါ့။ ဒါတွေအားလုံးက လုပ်ဆောင်ချက်
Activities တွေပါပဲ။ ဒါဆို Activities တွေကစပြီး ပြန်စဉ်းစားကြည့်ရအောင်။
အပေါ်မှာပြောခဲ့တာတွေအကုန်လုပ်ရင် အလုပ်ကောင်းကောင်းရတယ်ဆိုတဲ့ Output
ထွက်နိုင်လား။ ယုတ္တိရှိရဲ့လား။ အလုပ်ကောင်းကောင်းရလာတော့ အကြွေးကျေလား။
စုမိလား။ အဲဒီလို စဉ်းစားတာကော ဖြစ်နိုင်ရဲ့လား။ ယုတ္တိရှိရဲ့လား။
ပိုက်ဆံတွေစုမိလာတော့ အချိန်ကာလတစ်ခုကြာရင် တိုက်နဲ့ ကားနဲ့ နေနိုင်မှာလား။
ဖြစ်နိုင်ရဲ့လား။ ယုတ္တိရှိရဲ့လား။ အဲဒါတွေကို အပြန်အပြန်အလှန်လှန် စဉ်းစားတာကို
Vertical logic analysis လို့ခေါ်ပါတယ်။ ဒီလောက်ဆိုရင် Objective တွေကို
စဉ်းစားတဲ့ သဘောကို ဂဃနဏ သိလောက်ပြီ ထင်ပါတယ်။
အဲဒီ ပထမဆုံးဇယားကွက်ကို Objectives, Level of Objectives,
Objective Summary, Hierarchy of Objectives, Intervention Logic
စသဖြင့် အမျိုးမျိုး ခေါ်ကြပါတယ်။


Risk Analysis

ရှေ့မှာ ဆွေးနွေးခဲ့တဲ့အတိုင်းဆိုရင် စီမံချက်တစ်ခုမှာ ဒါတွေလုပ်ရင် ဒါတွေရမယ်ဆိုတဲ့ အခြေခံသဘောကို တွေ့ရပါတယ်။ အဲဒီလိုဆိုရင် တကယ့်လက်တွေ့မှာကော တကယ်လုပ်ရင် လိုချင်တာတွေ တကယ်ရလေ့ရှိလား။ သေချာစဉ်းစားကြည့်ရင် အမြဲ ရလေ့မရှိပါဘူး။ ပုံမှန်သွားနေကျ လမ်းကြောင်းကို သွေဖည်သွားနိုင်တဲ့ ပြင်ပကိစ္စတွေ၊ အကြောင်းတရားတွေ ရှိနိုင်ပါတယ်။ အဲဒီပြင်ပကိစ္စတွေဟာ ကိုယ့်စီမံချက်ကို ပိုကောင်းအောင် ပံ့ပိုးပေးတာတွေဖြစ်နိုင်သလို၊ အနှောင့်အယှက်ပေးတာတွေလည်း ဖြစ်နိုင်ပါတယ်။ ပထမဆုံးအနေနဲ့ အနှောင့်အယှက် အဟန့်အတားဖြစ်စေတဲ့ ကိစ္စတွေအကြောင်း ပြောကြည့်ရအောင် ...။ ဆိုကြပါစို့။

ယာဉ်လိုင်းအနေနဲ့ သူ့လိုင်းမှာရှိနေတဲ့ ယာဉ်မောင်းတွေ ဂရုတစိုက်မမောင်းလို့ ယာဉ်တိုက်မှုတွေ ဖြစ်နေရတယ်လို့ သိထားတယ်။ ဘာလို့ ဂရုတစိုက်မမောင်းတာလဲဆိုတော့ သိပ်မကျွမ်းကျင်လို့ အတွေ့အကြုံနည်းလို့ စသဖြင့်ပေါ့။

ဆိုတော့ strategy အနေနဲ့ ကျွမ်းကျင်လာအောင် သင်တန်းတွေပေးမယ်။ အတွေ့အကြုံများတဲ့ ယာဉ်မောင်းတွေနဲ့ တွဲလုပ်စေမယ်။ ဒါတွေက activities တွေပေါ့။ အဲဒီလုပ်ဆောင်ချက် activities တွေရဲ့ ရလဒ်အနေနဲ့ output ထွက်လာရမှာက ယာဉ်လိုင်းက ယာဉ်မောင်းတွေ အရင်ကထက်ပိုပြီး ဂရုတစိုက် မောင်းနှင်လာရမယ်။ အကျိုးဆက်အနေနဲ့ ယာဉ်တိုက်မှုတွေ လျော့ကျသွားရမယ်ပေါ့။

ဒါပေမယ့် သင်တန်းတွေလည်းပြီးရော ကျွမ်းကျင်ပြီးသား ယာဉ်မောင်းတွေက ယာဉ်လိုင်းက အလုပ်ထွက်သွားတယ်ဆိုရင်တော့ သွားပြီ။ ဘာ output မှ မရတော့ဘူး။ မှန်းချက်နဲ့ နှမ်းထွက် မကိုက်တော့ဘူးလေ။ ဒီလိုကိစ္စမျိုးဖြစ်မလာနိုင်ဘူးလား။ ဖြစ်လာနိုင်တာပေါ့။ ဒါပေမယ့် မကောင်းတဲ့ပြင်ပကိစ္စတိုင်းကတော့ စီမံချက်အတွက် risk မဟုတ်ပါဘူး။ ဆိုတော့ ဘယ်လိုအနေအထားမျိုး၊ အခြေအနေမျိုးဆိုရင်တော့ စီမံချက်အောင်မြင်ဖို့ အဟန့်အတားဖြစ်စေနိုင်တဲ့ risk ဖြစ်လာပြီလဲဆိုတာ အောက်မှာပြထားတဲ့ ဇယားကိုကြည့်ပြီး စဉ်းစားကြည့်ရအောင်။



အဲဒီလိုဆန်းစစ်မှုကို ပိုပြီးအသေးစိတ် ဆန်းစစ်ကြည့်နိုင်ပါတယ်။
အောက်က ဇယားကွက်လေးကို ကြည့်ကြည့်ရအောင်...

Level of Objectives	Risk	Possibility	Seriousness	Immediate Causes	Preventive Actions	Plan B
ယာဉ်မောင်းများအားသင်တန်းပေးခြင်း	သင်တန်းဆင်းယာဉ်မောင်းများအလုပ်ထွက်	နည်း	များ	တခြားယာဉ်လိုင်းများမှလုပ်ခလစာပိုပေး	လစာတိုးပေးရန်နှင့်လုပ်ငန်းခွင်ပျော်ရွှင်မှုရှိစေရန်ဆောင်ရွက်	ကျွမ်းကျင်ယာဉ်မောင်းများရနိုင်သည့်အလုပ်ရှာဖွေရေးအေဂျင်စီများနှင့် ဆက်သွယ်ထားရန်

ရှေ့မှာဆွေးနွေးခဲ့တဲ့အတိုင်းပဲ ပထမဆုံးကော်လံမှာ Objective တွေ Level အဆင့်ဆင့်ရှိနေပါလိမ့်မယ်။ ဒုတိယကော်လံကတော့ Level တစ်ခုချင်းစီမှာ ရှိနေတဲ့ Risk တွေကို ချရေးရမှာပါ။ ဆိုတော့ Level တိုင်းမှာ Risk ရှိနေရမယ်လို့ ကြိမ်းသေပြောလို့ မရပါဘူး။ ဘာ Risk မှမရှိတဲ့ Level မျိုးလည်း ရှိနိုင်ပါတယ်။ အခု ဒီဥပမာမှာ ပြထားတာက activity level က သင်တန်းပေးတဲ့ ကိစ္စပါ။ ယာဉ်မောင်းတွေကို သင်တန်းပေးလိုက်မယ်။ သင်တန်းလည်းပြီးရော သင်ပေးပြီးသား ယာဉ်မောင်းတွေက အလုပ်ထွက်သွားနိုင်တဲ့ Risk ရှိပါတယ်။ Possibility ဆိုတာကတော့ ဖြစ်နိုင်ခြေပါ။ အလုပ်ထွက်နိုင်ခြေ များလား၊ နည်းလား။ အလယ်အလတ်လား။ Seriousness ဆိုတာကတော့ ဖြစ်ခဲ့ရင် ဘယ်လောက်ဆိုးရွားပြင်းထန်မလဲ ဆိုတာကို စဉ်းစားထားရမှာပါ။ ဒီဥပမာမှာ ဆိုရင် ဖြစ်နိုင်ခြေ နည်းပါတယ်။ ဖြစ်လာခဲ့ရင်တော့ နောက်ဆက်တွဲ ဆိုးကျိုးတွေကတော့ အများကြီး ဆိုးရွား ပြင်းထန်နိုင်ပါတယ်။ အဲဒီမှာ နည်းနည်းပြောစရာရှိတာက ဖြစ်နိုင်ခြေလည်း များတယ်။ ဖြစ်လာရင်လည်း နောက်ဆက်တွဲ ဆိုးကျိုးတွေ ပြင်းထန်နိုင်တယ် ဆိုပါစို့။ ဘာလုပ်ကြမလဲ။ အဲလောက်ဖြစ်နေရင်တော့ အဲဒီစီမံချက်က မလုပ်တာပိုကောင်းပါတယ်။

ဒါမှမဟုတ်ရင်လည်း နောက်တစ်နည်းနည်းနဲ့ ပြောင်းပြီး ဒီဇိုင်းပြန်ဆွဲသင့်ပါတယ်။ အဲလိုမှ စဉ်းစားလို့ မရရင်တော့ ရပ်လိုက်ပါ။ လုပ်မနေပါနဲ့တော့။ အဲဒီလို Risk မျိုးကို Killer Risk လို့ ခေါ်ပါတယ်။ အားလုံးသိကြတဲ့ ဥပမာကတော့ မြစ်ဆုံ ရေအားလျှပ်စစ် ထုတ်တဲ့ကိစ္စပါ။ Killer risk မို့လို့ နောက်ဆုတ်လိုက်တာပါ။ ဒါပေမယ့် လုံးဝမလုပ်တော့ဘူးလို့ မပြောပါဘူး။ အများကြီး မထိခိုက်အောင် နောက်တစ်နည်းနည်းနဲ့ ကြိုးစားကြည့်နိုင်ပါသေးတယ်။ နောက်တစ်ခုက Immediate cause ပါ။ ဒီ Risk က ဘာကြောင့် ဖြစ်ရတာလဲဆိုတာကို သုံးသပ်ဖို့ပါ။ ပြီးရင် Preventive action ကိုလည်း စဉ်းစားထားဖို့ လိုပါလိမ့်မယ်။ အားလုံးသိကြတဲ့ စကားလေးတစ်ခွန်း ရှိပါတယ်။ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်းတယ် ဆိုတာလေ။ Preventive action က အဲဒီသဘောပါပဲ။ ဒီ Risk တစ်ခုကို ရင်ဆိုင်ဖို့ ဘာတွေ ကြိုလုပ်ထားလို့ ရမလဲ ဆိုတာကို စဉ်းစားရမှာပါ။ နောက်ဆုံးတစ်ခုကတော့ ပြောပြောနေကြတဲ့ Plan B ဆိုတာပါပဲ။ ရှောင်လွှဲလို့ မရတော့တဲ့အဆုံးမှာ နောက်တစ်နည်းသုံးပြီး ရင်ဆိုင် ဖြေရှင်းရတော့မှာပါ။ ဒီလောက်ဆိုရင်တော့ ဒီဇယားကွက်ကလေးအကြောင်း အဆင်ပြေလောက်ပါပြီ။


Assumption

နောက်တစ်ခုအနေနဲ့ ဒီနေရာမှာ တူတော့တူတယ် ဒါပေမယ့် မတူတဲ့
စကားလုံးလေး နှစ်လုံးအကြောင်း ပြောကြည့်ရအောင်လား။
Risk နဲ့ Assumption ပါ။ Log-frame မြင်ဖူးသူတိုင်း
ဒီစကားလုံးလေးနှစ်လုံးကို ရင်နှီးကြမှာပါ။ ဘာကွာလဲ။
အောက်ကပုံလေးကို ကြည့်လိုက်ပါ။
ဘာမှ ပြောစရာမလိုအောင် ရှင်းသွားပါလိမ့်မယ်။

လက်ဖဝါးနဲ့ လက်ဖမိုးလိုပေါ့။


တစ်ဘက်ကကြည့်ရင် လက်ဖဝါး
နောက်တစ်ဘက်ကကြည့်ရင် လက်ဖမိုး။
အတူတူပဲဆိုပေမဲ့ ကြည့်တဲ့ရှုထောင့် ကွာသွားတဲ့သဘောပါ။

ဆိုတော့ Log-frame ရဲ့ Objective Level အဆင့်ဆင့်မှာ
Assumption တွေ ဘယ်လိုစဉ်းစားထားလဲဆိုတာ ကြည့်ကြည့်ရအောင်။



သင်တန်းပေးလိုက်တယ်။ တကယ်လို့များ သူတို့ အလုပ်ဆက်လုပ်နေသေးတယ် ဆိုရင်
ရလဒ်က သူတို့တွေ တာဝန်သိသိနဲ့ ဂရုတစိုက် မောင်းမယ်။ If and then pattern
လို့ခေါ်ပါတယ်။

ဒီပုံလေးကြည့်လိုက်ရင်ပိုရှင်းပါလိမ့်မယ်။



ဒါကိုတော့ Diagonal Logic လို့ခေါ်ပါတယ်။ Zigzag Logic လို့လည်း ခေါ်ကြပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ဆွေးနွေးခဲ့ကြတာ Column နှစ်ခု ပြီးသွားပါပြီ။ ပထမကော်လံနဲ့ နောက်ဆုံးကော်လံတွေပါ။ Logic အနေနဲ့ဆိုရင် Vertical Logic နဲ့ Zigzag Logic ပါ။ ဒီလိုဆိုရင် Objective Summary နဲ့ Assumption အကြောင်းတော့ အကြမ်းဖျင်းအနေနဲ့ အဆင်ပြေလောက်ပါပြီ။ ရှေ့မှာ ဆွေးနွေးခဲ့တာတွေအားလုံးကactivities level ရဲ့ အပေါ်ပိုင်းတွေ ချိတ်ဆက်မှုတွေအကြောင်းပါ။ activities တွေလုပ်ပြီး ဆက်ဖြစ်နိုင်မယ့် အရာတွေအကြောင်း ဆွေးနွေးခဲ့ကြတာပါ။ နောက်တစ်ခုက activities တွေ မလုပ်ခင်အပိုင်း activities တွေ လုပ်ဖို့ ရှိရမယ့်လိုအပ်ချက်တွေ အကြောင်းပါ။ အကြမ်းဖျင်းပြောရရင်တော့ အားလုံးသိကြတဲ့အတိုင်း ငွေကြေး၊ လူအင်အား၊ ပစ္စည်းတွေပါ။ အဲဒါတွေကို အရင် တွက်ချက် စဉ်းစားရမှာပါ။

ဘယ်လို အသေးစိတ် တွက်တယ်ဆိုတာကို Resource Planning ကျရင် အသေးစိတ် ထပ်မံဆွေးနွေးပါဦးမယ်။ ဟုတ်ပြီ လိုအပ်တဲ့ Resource တွေ အကုန်ရှိပြီ။ အဆင်သင့်ဖြစ်နေပြီဆိုပါစို့။ ကျွန်တော်တို့ တကယ်စလုပ်လို့ ရပြီလား။ ကိုယ့်ဘက်က Ready ပဲလေ။ ကိုယ့်ဘက်က Ready ဖြစ်တိုင်း လုပ်လို့ မရတဲ့ အရာတွေအများကြီးရှိပါတယ်။ ကိုယ်လုပ်မယ့်အလုပ်နဲ့ ပတ်သက်ဆက်နွယ်နိုင်တဲ့ အရာတွေ ရှိပါတယ်။ ဆိုကြပါစို့။ သင်တန်းတစ်ခု လုပ်မယ်။ နေရာရှိတယ်။ ဆရာရှိတယ်။ လိုအပ်တဲ့ ပစ္စည်းတွေ ရှိတယ်။ အားလုံးအဆင်သင့်ပါပဲ။ ဒါပေမယ့် သက်ဆိုင်ရာက ခွင့်မပြုဘူးဆိုရင် ကျွန်တော်တို့ဘယ်လိုလုပ်မလဲ။ သင်တန်းပေးလို့ မရတော့ဘူးပေါ့။ ဆိုတော့ ကိုယ့်ဘက်က အဆင်သင့်ဖြစ်ဖို့လိုသလို၊ ကိုယ်လုပ်မယ့် ရပ်ရွာဒေသရဲ့ အနေအထား၊ ပတ်ဝန်းကျင် အခြေအနေတွေကလည်း အလုပ် စလုပ်ဖို့ အဆင်သင့် အနေအထား ဖြစ်နေဖို့လိုအပ်ပါတယ်။

ဒါကို Pre-condition လို့ခေါ်ပါတယ်။


Indicator

Indicator ဆိုတာ ကိုယ်ရည်ရွယ်ထားတဲ့ ရည်ရွယ်ချက်အဆင့်တွေကို ရောက်လား၊ မရောက်ဘူးလားဆိုတာကို တိုင်းတာဖို့ သတ်မှတ်ထားတဲ့ ညွှန်ကိန်းတွေပါ။ ဥပမာအနေနဲ့ပြောရရင် လူတစ်ယောက်ရဲ့ အပြောအဆို အပြုအမူ အနေအထိုင်တွေကို ကြည့်ပြီး အဲဒီလူရဲ့ အဆင့်အတန်း၊ အကျင့်စရိုက်တွေကို သုံးသပ်လို့ရပါတယ်။ ညွှန်ကိန်းအမျိုးအစားတွေအကြောင်းကို ဥပမာလေးတွေပေးပြီး ဆွေးနွေးသွားရင် Indicator အကြောင်းပိုနားလည်နိုင်ပါတယ်။ ဥပမာတစ်ခုလောက် ပြောကြည့်ရအောင်... ရည်ရွယ်ချက်အနေနဲ့ မိသားစုတစ်စုချင်းစီရဲ့ ပုံမှန်ဝင်ငွေ တိုးတက်အောင် လုပ်မယ်ဆိုပါစို့။ တိုက်ရိုက်ညွှန်ကိန်း (Direct Indicator)အနေနဲ့ မိသားစုဝင်ငွေ တိုးတက်မှုကို တိုက်ရိုက် တိုင်းလိုက်ရုံပါပဲ။ အဲဒီမှာ စဉ်းစားစရာက လူတွေရဲ့ ဝင်ငွေတွေအကြောင်း မေးရင် အမှန်အတိုင်းရလေ့ရှိလားဆိုတာပါ။ ဝင်ငွေလိုဟာမျိုးက မေးတိုင်းဖြေလေ့မရှိပါဘူး။ ဖြေရင်တောင် အမှန်ဖြစ်ချင်မှ ဖြစ်မှာပါ။ ဆိုတော့ သွယ်ဝိုက်ပြီးတိုင်းလို့ရတဲ့ နည်းလမ်းတွေလည်းရှိပါတယ်။ ဝင်ငွေကိုတိုက်ရိုက်မတိုင်းဘဲ ထွက်ငွေကိုတိုင်းတာမျိုး၊ ပိုင်ဆိုင်မှုတို့ လူနေမှုအဆင့်အတန်းတို့ကို တိုင်းတာမျိုးတွေလည်း လုပ်လို့ရပါတယ်။ အဲဒါမျိုးကိုတော့ Indirect Indicator/ Proxy Indicator လို့ခေါ်ပါတယ်။ ဆိုရင် ညွှန်ကိန်း (indicator)တွေအကြောင်း ကျွန်တော်တို့ နည်းနည်းရိပ်စားမိလောက်ပြီ ဆိုတော့ ညွှန်ကိန်းကောင်း(good indicator)တစ်ခုမှာ အနည်းဆုံးရှိသင့်တဲ့ မပါမဖြစ် လိုအပ်တဲ့ စံနှုန်းလေးတွေအကြောင်း ပြောကြည့်ရအောင်။ အဲဒါကတော့ S.M.A.R.T ပါ။ လူတော်တော်များများ သိထားပြီးသားပါ။ မရင်းနှီးသေးတဲ့ လူတွေအတွက် နည်းနည်းရှင်းပြပါရစေ။

Specific	ရေးသားတဲ့စကားလုံးတွေဟာ ရှင်းလင်းလွယ်ကူပြီး လူတိုင်းနားလည်ဖို့ လိုအပ်ပါတယ်။ ကိုယ်ပြောချင်တာကို တိတိကျကျ ထိထိမိမိဖြောဖို့လိုတယ်လို့ ဆိုလိုချင်တာပါ။
Measurable	လွယ်လွယ်ကူကူ တွက်ချက်လို့ရရပါမယ်။ ပြောင်းလဲမှုတွေကို ထင်သာမြင်သာ တိုင်းထွာလို့ ရရပါမယ်။
Available	ကိုယ်လိုချင်တဲ့ သတင်းအချက်အလက်တွေက အလွယ်တကူရရှိဖို့နဲ့ ကုန်ကျစရိတ် သက်သာဖို့၊ ကုန်သလောက်အကျိုးရှိဖို့ လိုအပ်ပါတယ်။
Relevant	ရပ်ရွာဒေသလိုအပ်ချက်၊ ရပ်ရွာမှာရှိနေတဲ့ စွမ်းရည်တွေ၊ ရိုးရာယဉ်ကျေးမှုတွေနဲ့ ကိုက်ညီဖို့ လိုအပ်ပါတယ်။
Time-bound	ရလဒ်တွေက ဘယ်အချိန်မှာ တိုင်းတာလို့ရမယ်ဆိုတာကို ထည့်သွင်းဖော်ပြဖို့လည်း လိုအပ်ပါတယ်။

Means of Verification(MoV)

Means of Verification (MoV) ဆိုတာ သတင်းအချက်အလက်တွေကို ဘယ်လိုကောက်ယူမလဲဆိုတဲ့ နည်းလမ်းတွေကို အကျဉ်းချုပ်ဖော်ပြတဲ့ နေရာပါ။ တချို့က Source of Verification လို့ ပြောကြ တာလည်း ရှိပါတယ်။ မှန်ကန်ကြောင်းအထောက်အထားရှိတဲ့ နေရာ (source)ကိုပြောတာပါ။ ဆိုလိုချင် တာကတော့ ဘယ်လိုနေရာ (source)ကနေ သတင်းအချက်အလက်တွေကို ဘယ်လိုနည်းလမ်းတွေသုံးပြီး ကောက်ယူမယ်ဆိုတာကို ရေးရတာပါ။ M & E Plan ရဲ့ Methods အကြောင်းကျရင် အသေးစိတ် ထပ်မံ တင်ပြရမှာပါ။ အဲဒီကျရင် ပိုရှင်းသွားပါလိမ့်မယ်။ Data Source အနေနဲ့ ပြောရရင်တော့ Primary Data Source နဲ့ Secondary Data Source ဆိုပြီး အဓိက နှစ်ခုရှိပါတယ်။ Primary Data ဆိုတာကတော့ ကိုယ်တိုင်ကောက်တဲ့ အချက်အလက်တွေပါ။ Secondary Data ဆိုတာက သူများ ကောက်ထားပြီးထား အချက်အလက်တွေကို ယူသုံးတာမျိုးပါ။ ကျွန်တော်တို့အနေနဲ့ MoV ကိုစဉ်းစားတဲ့အခါမှာ Secondary Source တွေကို ဦးစားပေးစဉ်းစားသင့်ပါတယ်။ မရမှသာ ကိုယ်တိုင်ကောက်ဖို့ စဉ်းစားသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Secondary data တွေဟာ ကိုယ်တိုင် ကောက်စရာမလိုတဲ့အတွက် လူအင်အားကုန်တာ၊ အချိန်ကုန်တာ၊ စရိတ်ကုန်တာ သက်သာတယ်။ Secondary data တွေကို အားကိုးလို့မရရင်တော့ ကိုယ်တိုင်ကောက်ရမှာပါ။ အဲဒီခါကျရင် ဘာနည်းလမ်းတွေ သုံးပြီးကောက်မလဲဆိုတာ စဉ်းစားရတော့မှာပါ။ M & E Plan ကျရင် ထပ်မံဆွေးနွေးပါဦးမယ်။ အားလုံးကိုချုံးပြီး Log-frame ကို ဒီလိုပြောလို့ ရနိုင်ပါတယ်။



ဒီပုံမှာ အဓိက ဘာသတိထားမိလဲ။ ဘဲဥလေးလုံးပေါ့။ ဟုတ်ပါတယ်နော်။

အဲတော့ အနှစ်ချုပ်အနေနဲ့ ပြောရရင် Log-frame မှာ Project Effects, Project Operation, Project Monitoring & Evaluation နဲ့ Project Context ဆိုတဲ့ ဘဲဥလေးလုံးပဲရှိပါတယ်။ Project Effect ဆိုတာက Goal နဲ့ Outcome ပါ။ စီမံချက်ကရလာမယ့် ရလဒ်တွေပါ။ Project Operation ဆိုတာကတော့ Output နဲ့ Activity တွေပါ။ စီမံချက်က လုပ်ရမယ့် ကိစ္စတွေပါ။ Project M&E ဆိုတာကတော့ စီမံချက်ရဲ့ ပြောင်းလဲတိုးတက်မှု အခြေ အနေတွေကို ဘယ်လို စောင့်ကြည့်လေ့လာ သုံးသပ် အကဲဖြတ်မလဲဆိုတာပါ။ နောက်ဆုံးProject Context ဆိုတာက ကိုယ့်စီမံချက်အတွင်းပိုင်း စီမံခန့်ခွဲလို့ရတဲ့ ကိစ္စတွေနဲ့ မဆိုင်တဲ့ ပြင်ပအခြေအနေတွေကို မျက်ခြည်မပြတ်ဖို့ လုပ်ရတာပါ။

အဲဒီတော့ Log-frame ဆိုတာ လွယ်လွယ်ပြောရင် ဘဲဥလေးလုံးပါပဲ။

နောက်ဆုံးအနေနဲ့တော့ Log-frame နဲ့ပတ်သက်ပြီး ဂရုပြုရမယ့် တချို့အချက်လေးတွေကို နည်းနည်းပြောပြချင်ပါတယ်။

- Log-frame ဆိုတာ စီမံချက်တစ်ခုရဲ့ Master Plan ပါပဲ။ ဆိုလိုချင်တာက သိပ်အရေးကြီးတဲ့ document တစ်ခုဖြစ်ပါတယ်။ စီမံချက်တစ်ခုရဲ့ Overview ကို Log-frame ကြည့်ရုံနဲ့ အမြန်သိနိုင်ပါတယ်။
- နောက်တစ်ခုက Log-frame ဆိုတာလုံးဝပြန်ပြင်လို့မရတဲ့ document တစ်ခုလို့ မယူဆစေချင်ပါဘူး။ စီမံချက်တစ်ခုကို ဒီဇိုင်းလုပ်ခဲ့တဲ့အချိန်နဲ့ မတူတဲ့အခြေအနေတွေ စီမံချက် လုပ်နေရင်းတွေ့လာနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးတွေမှာ လိုအပ်ရင် လိုအပ်သလို Log-frame ကိုပြင်ရပါလိမ့်မယ်။ ပြင်လို့လည်း ရပါတယ်။ ပြင်တဲ့နေရာမှာတော့ နည်းနည်းသတိထားသင့်တာက Level ပါ။ Activities တွေကိုပြင်မယ် Output level တွေပြောင်းသွားမယ် ဆိုတာလောက်က အဆင်ပြေပါတယ်။ ဒါပေမယ့် Outcome level လောက်အထိပြောင်းသွားလောက်အောင် ပြင်မယ်ဆိုရင်တော့ အရင်ဒီဇိုင်းနဲ့ တော်တော်လေးကို လွဲသွားနိုင်ပါတယ်။ ဆိုလိုချင်တာက Redesign လုပ်တဲ့ပုံစံမျိုးဖြစ်သွားနိုင်ပါတယ်။ အဲဒီ Level လောက်အထိတော့ စီမံချက်လုပ်နေတုန်းကာလမှာ မပြင်သင့်ပါဘူး။ အခြေအနေအရပ်ရပ်က အရမ်းဆိုးဆိုးရွားရွား ပြောင်းလဲသွားပြီ ဆိုရင်တော့ စီမံချက်ကို ခဏရပ်ပြီး အစအဆုံး Redesign ပြန်လုပ်လိုက်တာ ပိုကောင်းပါတယ်။
- နောက်ထပ်တစ်ခုက Log-frame ကိုပြင်လိုက်ရင် နောက်ဆက်တွဲတွေအကုန် လိုက်ပြင်ရတော့မှာပါ။ Implementation Plan, M&E plan, resource plan, budget စသဖြင့် နောက်ဆက်တွဲတွေအားလုံးပါ လိုအပ်ရင်လိုအပ်သလို လိုက်ပြင်ရတော့မှာပါ။ နောက်တစ်ချက်က Log-frame ဆွဲတဲ့အချိန်မှာ Logic တွေကို အပြန်ပြန်အလှန်လှန် သေချာအောင်ဆန်းစစ်ဖို့လိုပါတယ်။ ဆိုလိုတာက ဒီလို Activities တွေလုပ်ရင် ဒီလို Output တွေရနိုင်လား။ ဒီလို Output တွေပေါင်းလိုက်ရင် ဒီလို Outcome တကယ်ထွက်နိုင်ရဲ့လား စတဲ့အချက်တွေကို သေသေချာချာဆန်းစစ်ရမှာပါ။

Implementation Plan

	Objectives Summary	J	F	M	A	M	J	J	A	S	O	N	D	Who	Assumptions
Output 1	'က'အဖွဲ့၏ စေတနာ့လုပ်အားရှင်များ စီမံချက်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများ နားလည်လာစေရန်။														
Activity 1.1	စီဘီအိုင် သင်တန်းအဖွဲ့အား ဖိတ်ကြားရန်။	■												အဖွဲ့ခေါင်းဆောင်	
Activity 1.2	သင်တန်းဖြစ်မြောက်စေရန် လိုအပ်ချက်များ ညှိနှိုင်းရန်။		■											အဖွဲ့ခေါင်းဆောင်	သင်တန်းပေးမည့် အချိန်တွင် သင်တန်း နည်းပြများ မအားလပ်ခြင်း
Activity 1.3	သင်တန်းအတွက်လို အပ်ချက်များ ပြင်ဆင်ရန်။			■	■									အဖွဲ့ဝင်များ	
Activity 1.4	သင်တန်းသား ရွေးချယ်ရန်။					■								ဒုတိယ အဖွဲ့ခေါင်းဆောင်	
Activity 1.5	သင်တန်းပေးရန်။						■	■						စီဘီအိုင် သင်တန်း နည်းပြများ	သက်ဆိုင်ရာ အာဏာပိုင်များမှ ခွင့်မပြုခြင်း

Implementation Plan အကြောင်းဆွေးနွေးရမယ်ဆိုရင် ပထမဦးဆုံးအနေနဲ့ အရေးကြီးတာက ဘာတွေလုပ်မှာလဲ။ ဘယ်အချိန်မှာ ဘယ်သူတွေက လုပ်မှာလဲ။ ဘာစိန်ခေါ်မှုတွေရှိနိုင်လဲ ဆိုတာတွေဟာ ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေပါ။ ဆိုလိုချင်တာက အဲဒါတွေဟာ မပါမဖြစ်ပါပဲ။ အထက်မှာဖော်ပြထားတဲ့ ဇယားကွက်လေးကို ကြည့်ကြည့်ရအောင်။ အားလုံး Log-frame ရဲ့ Objectives Column ကိုမှတ်မိကြမှာပါ။ အဲဒီ ကော်လံမှာ Goal, Outcome, Output, Activity တွေပါဝင်ပါတယ်။ အဲဒီထဲက အနည်းဆုံးအနေနဲ့ Output နဲ့ Activity တွေကို ဆွဲထုတ်ပြီး အပေါ်ဇယားကွက်ထဲမှာ ဥပမာပေးထားတဲ့အတိုင်း ဖြည့်စွက်ရပါမယ်။ ဒီနေရာမှာ နည်းနည်းဆွေးနွေးချင်တာက implementation လုပ်မယ့်လူတွေအတွက် အဓိကအရေးကြီးတာက Output နဲ့ Activity ပါ။ ဆိုလိုချင်တာက ဘာတွေလုပ်ရမှာလဲ။ လုပ်ရင် ချက်ချင်းရရမယ့် ရလဒ်ကဘာတွေလဲဆိုတာ မျက်ခြည်မပြတ် သိရှိနေဖို့ လိုပါတယ်။ Goal နဲ့ Outcome ကတော့ Evaluation သမားတွေအတွက် ပိုအရေးကြီးပါတယ်။ ဒါကြောင့် Output နဲ့ Activity တွေက မပါမဖြစ်ပါရပါမယ်။ နောက်အကွက်တွေကတော့ လွယ်ကူရိုးရှင်းပါတယ်။ အလုပ်လုပ်မယ့် လတွေပါ။ January to December ပါ။ အဲဒီမှာ ဘယ်လောက်အသေးစိတ်ရေးမလဲ။ ဘယ်လိုလွယ်လွယ်ကူကူရေးမလဲဆိုတာ ကိုယ်အဖွဲ့အစည်း၊ စီမံချက်တစ်ခုချင်းရဲ့အပေါ်မူတည်ပါတယ်။ ဥပမာ။ ။ ကိုယ်လုပ်မယ့်အလုပ်က ဒေလစာလောက်ပဲရှိတယ်ဆိုပါစို့။ လတစ်ခုချင်းစီမှာ အပတ်တွေကိုပါထည့်ဆွဲလို့ရပါတယ်။ ပိုအသေးစိတ်ချင်ရင် ရက်အလိုက် အသေးစိတ်လို့ရပါသေးတယ်။ နောက်တစ်ခုက နှစ်တစ်နှစ်မှာ အမြဲတမ်း ဇန်နဝါရီကပဲ စဆွဲရမယ်လို့ မသတ်မှတ်ထားပါဘူး။ တချို့အဖွဲ့တွေမှာ ဘဏ္ဍာရေးနှစ်အတိုင်းအလုပ်လုပ်ရတာတွေ ရှိပါတယ်။ မေလကနေ ဇူလိုအထိ၊ မတ်လကနေ ဖေဖော်ဝါရီလအထိ စသဖြင့်ရှိတတ်ပါတယ်။ နောက်ဆုံးတစ်ခုအနေနဲ့ ဆွေးနွေးချင်တာက ဘယ်သူလုပ်မှာလဲ။ ဘာစိန်ခေါ်မှုတွေရှိနိုင်လဲဆိုတာပါ။ အဲဒီမှာ ဘယ်သူဆိုတာကို ဖြစ်နိုင်ရင် ဦးဆောင်မယ့်သူရဲ့ နာမည်ပါထည့်ရေးသင့်ပါတယ်။ ဘာစိန်ခေါ်မှုတွေရှိလဲ (Assumption) ဆိုတာကတော့ အလုပ်လုပ်ရင် ကြုံနိုင်ခြေရှိတဲ့ ပြင်ပစိန်ခေါ်မှုတွေကို ကြိုတင်စဉ်းစားထားတဲ့ သဘောပါ။ ဒါဆို Resource Planning အကြောင်း နည်းနည်းဆက်ကြည့်ကြည့်ရအောင်။

Resource Plan

	Activities and required inputs	Unit	Quantity Per Period												CPU	Cny	Cost Per Period												Project Total
			Q1			Q2			Q3			Q4					Q1			Q2			Q3			Q4			
			J	F	M	A	M	J	J	A	S	O	N	D			J	F	M	A	M	J	J	A	S	O	N	D	
Activity 1.1.1	Develop bus driving training manual																												
	driving expert	person		2											100	$		200											200
	mechanics	person			1										120	$			120										120
	Computer	item	2												500	$	1000												1000
	Printing Cost	Book						200							5	$						1000							1000
	Total																												2320

အပေါ်မှာ ဖော်ပြထားတဲ့ ဇယားကွက်လေးက ရုတ်တရက်ကြည့်လိုက် တော်တော်ရှုပ်တယ်လို့ ထင်ရပါတယ်။ ဟုတ်တယ်နော်။ တကယ်တော့ အရမ်းမရှုပ်ပါဘူး။ တစ်ကွက်ချင်းစီကို နည်းနည်းချင်း ဆွေးနွေးကြည့်ကြမယ်လေ။ ခဏနေရင် ရှင်းသွားမှာပါ။ ပထမဆုံးကော်လံမှာ Activity 1.1.1 ဆိုတာ ရှင်းရှင်းလေးပါနော်။ Implementation Plan ထဲက Activities တွေလေ။ အိုကေ ဒုတိယကော်လံရဲ့ ပထမဆုံး Row / Activities and required inputs အဲဒါက ကိုယ်လုပ်မယ့် Activity တွေလေ။ အဝါရောင် ဖျော့ဖျော့လေးရှိနေတဲ့ အကွက်တွေပေါ့။ ဘတ်စ်ကားမောင်းသင်တန်း လက်စွဲ ထုတ်မယ် ဆိုတာပေါ့။ Required Inputs ဆိုတာကတော့ အဲဒီအကွက်အောက်က ယာဉ်မောင်း ကျွမ်းကျင်သူ၊ မက္ကင်းနစ်၊ ကွန်ပျူတာ၊ စာအုပ်ထုတ်တဲ့ ကုန်ကျစရိတ်တွေကို ပြောတာ။ အဲဒီနှစ်မျိုးပေါင်းပြီး ကော်လံခေါင်းစဉ်တပ်ထားတာပါ။

နောက်တစ်ခုက Unit ပါ။ Unit ဆိုတာကတော့ အားလုံးသိကြတဲ့အတိုင်း per head/ per person/ per book ဆိုတာမျိုးတွေပေါ့။ တစ်ခုချင်း တစ်ယောက်ချင်း အတွက် ကုန်ကျစရိတ်ကို သတ်မှတ်တဲ့ ယူနစ်တွေပါ။ ဆိုလိုတာက တစ်ယောက်ကို ဘယ်လောက်၊ တစ်ခုကို ဘယ်လောက်ဆိုတာမျိုးတွေပေါ့။ နောက်တစ်ခုဆက်ကြည့်ရအောင်။ Quantity per period အောက်မှာ Q1, Q2, Q3, Q4 နောက်အောက်မှာ J, F, M, A, M, J, J, A, S, O, N, D ။ Quantity per period အောက်က အကွက်တွေအကုန်လုံးကို ကိုယ်စားပြုပါတယ်။ အချိန်ကာလတစ်ခုချင်းစီမှာ သုံးမယ့် အရေအတွက်ကို ပြောတာပါ။ Q တွေကတော့ Quarter ပါ။ သုံးလကို ၁ကွာတားပါ။ အောက်ဆုံးက J, F, M ဆိုတာတွေက လတွေပါ။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် စသဖြင့်ပေါ့။ ဆိုတော့ ရှေ့မှာ ဖော်ပြထားတဲ့ Resource တွေကို ဘယ်လတွေမှာ ဘယ်နှစ်ခု၊ ဘယ်နှစ်ယောက်သုံးမယ်ဆိုတာကို ရေးတာပါ။ ယာဉ်မောင်းကျွမ်းကျင်သူ ၂ယောက်ကို ဖေဖော်ဝါရီလမှာ သုံးမယ်၊ ဇွန်လမှာ စာအုပ် အုပ် ၂၀၀ ထုတ်မယ် ဆိုတာမျိုးတွေကို ဖော်ပြတာပါ။

နောက် CPU ဆိုတာ Cost per Unit ပါ။ ယူနစ်တစ်ခုချင်းစီအတွက် ကုန်ကျစရိတ်ပါ။ မက္ကင်းနစ်တစ်ယောက် ငှားရင် ဒေါ်လာ ၁၂၀။

နောက်တစ်ခုက Currency ပါ။ ကျပ်လား။ ဒေါ်လာလား။ ယူရိုလား။ စသဖြင့်ရေးရမှာပါ။ နောက် Cost per period ဆိုတာက Cost per Unit နဲ့ Quantity per period ကို မြှောက်ထားတာပါ။ ဖေဖော်ဝါရီလမှာ Resource အနေနဲ့ ယာဉ်မောင်းကျွမ်းကျင် ၂ ယောက် လိုတယ်။ တစ်ယောက်ကို ဒေါ်လာ ၁၀၀ ပေးရမယ်ဆိုရင် Cost per period က ဖေဖော်ဝါရီလမှာ ဒေါ်လာ ၂၀၀ပေါ့။ Excel မှာ ဖော်မျူလာထည့်လိုက်ရင် ရပါတယ်။ ဖော်မျူလာအတိုင်း မြှောက်သွားမှာပေါ့။ နောက်ဆုံး Project Total က Excel auto sum ထည့်လိုက်ရင် ရပါပြီ။ Resource တစ်ခုချင်းစီရဲ့ Total ကို သိနိုင်ပါတယ်။ နောက်ဆုံး အဝါရောင် total ဆိုတာတွေက တစ်လချင်းစီရဲ့ စုစုပေါင်းလည်းသိနိုင်တယ်။ Activity တစ်ခုချင်းစီရဲ့ စုစုပေါင်းလည်း ကြည့်လို့ရနိုင်ပါတယ်။ အဲဒီလို Activity တွေအများကြီးဖြစ်လာမှာပါ။ အဲဒါတွေ အားလုံးကိုပေါင်းလိုက်ရင် တစ်နှစ်စာ စုစုပေါင်း ကုန်ကျစရိတ်ကို သိနိုင်ပါလိမ့်မယ်။ ဆိုလိုတာက Activity 1.1.1 ရဲ့ စုစုပေါင်းက ဒေါ်လာ ၂၃၂၀ ပါ။ အဲဒီလို နောက် Activity တွေထပ်ဖြည့်ပြီး တစ်ကွက်ချင်းစီကိုပေါင်းလိုက်ရင် တစ်နှစ်စာ စုစုပေါင်းကို သိနိုင်ပါပြီ။ လွယ်ပါတယ်နော်။ ပြောသားပဲ ရှင်းရှင်းလေးပါလို့။ အဲဒီတော့ ဒီအခန်းမှာ လော့ခ်ဖရိန်သုံးပြီး project plan လုပ်တဲ့အ ကြောင်းဆွေးနွေးခဲ့ကြတာပါ။ ဘယ်လိုစီမံချက်မျိုးပဲဖြစ်ဖြစ် ဒီလိုစနစ်တကျ အစီအစဉ်ဆွဲမယ်ဆိုရင် အောင်မြင်နိုင်ခြေပိုများတယ်လို့ ပြောနိုင်ပါတယ်။ ဒါကလည်း အခုလုပ်လေ့လုပ်ထရှိတဲ့ ရလဒ်ကို မျှော်ကိုးစဉ်းစားပြီး လုပ်တဲ့ အစီအစဉ်မျိုးပါ။ တခြားနည်းတွေလည်းရှိပါတယ်။ ဒီနည်းလေးကတော့ အများနည်းပြီးလက်တွေ့ကျတယ်လို့ အကြမ်းဖျင်းပြောနိုင်ပါတယ်။ ဒီထက်ပိုကောင်းတဲ့ နည်းတွေလည်းရှိနေပါပြီ။ လူဘဝဟာ Logically တည်ရှိနေတာ မဟုတ်ပါဘူး။ အရာအားလုံးကို Logic ပေါ်တင်ကြည့်တာ မမှန်ဘူး။ ပြဿနာတွေ၊ negative တွေကို အခြေခံပြီးစဉ်းစားတာ အပြုသဘောမဆောင်ဘူး။ စသဖြင့် အယူအဆအမျိုးမျိုးရှိကြပါတယ်။ AI (SWOR), Future Search လို အပြုသဘောချည်းသက်သက် စဉ်းစားပြီး Plan လုပ်တာမျိုးတွေကို သိထားသူတွေအတွက်တော့ ဒီ Plan က ငြင်းခုံချင်စရာကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် အများကြီးမလေ့လာရသေးသူတွေအတွက်တော့ အတိုင်းအတာတစ်ခုထိ အကျိုးရှိကြလိမ့်လို့ ရိုးရိုးသားသားပဲ ယုံကြည်မိပါတယ်လို့ ပြောပါရစေ။


စောင့်ကြည့်လေ့လာခြင်းနှင့်
အကဲဖြတ် သုံးသပ်ခြင်း

(Monitoring & Evaluation)




ဆောင်ကြည်ရေလှလာခြင်းနှင့်
အကဲဖြတ်သုံးသပ်ခြင်းဆိုတာဘာလဲ။

စီမံချက်တစ်ခုကို တာဝန်ခံထားရတဲ့လူတွေအနေနဲ့ စီမံချက်စတင်လုပ်ကိုင်တဲ့အချိန်ကစပြီး
ဘာတွေကို စဉ်ဆက်မပြတ် သိရှိနေဖို့လိုအပ်ပါလဲ။ စဉ်းစားကြည့်ရအောင် ...။
ကျွန်တော်တို့ စီမံချက်ဒီဇိုင်းရေးဆွဲကတည်းက ဘာတွေလုပ်မယ်ဆိုတာ စီစဉ်တကျ
စဉ်းစားထားပြီးသားပါ။ ကျွန်တော်တို့ စီစဉ်ထားတဲ့အတိုင်း
လုပ်ဆောင်ချက် (activities)တွေကို အချိန်နဲ့ တစ်ပြေးညီ လုပ်ဆောင်နေလား။
ကျွန်တော်တို့ မျှော်လင့်ထားတဲ့ ရလဒ်တွေ ရရဲ့လား။ ရည်ရွယ်ချက်တွေ ပြည့်မီရဲ့လား။
ကျွန်တော်တို့ ရည်ရွယ်ထားတဲ့ လူတွေကော တကယ်အကျိုးရှိကြရဲ့လား။
ဒီမေးခွန်းတွေကို ဘယ်လို သဘောရလဲ။ စီမံချက်တစ်ခုကို
တာဝန်ခံထားရတဲ့လူတွေအတွက်တော့ မသိမဖြစ်တဲ့ မေးခွန်းတွေပါပဲ။
အဲဒီမေးခွန်းတွေရဲ့ အဖြေတွေကို ဘယ်လိုသိနိုင်မလဲ။ ကျွန်တော်တို့ ပြောပြောနေကြတဲ့
စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း(Monitoring) ဆိုတာ
အဲဒီအဖြေတွေကို သိနိုင်ဖို့ အားထုတ်တာပါပဲ။
အဲဒီတော့ ကိုယ့်စီမံချက်က မျှော်လင့်ထားတဲ့အတိုင်း မဖြစ်ဘဲ
တစ်ခုခု လွဲနေတာမျိုးကို Monitor လုပ်ရင်း သိခဲ့ပြီ ဆိုပါစို့။
အရေးအကြီးဆုံးကိစ္စက ဘာကြောင့်လွဲရတာလဲဆိုတာ သိဖို့ပါ။
ဒါမှလိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ချက်ချင်းလုပ်နိုင်မှာဖြစ်တယ်။



Monitoring လုပ်တယ်ဆိုတာ ဒီပုံလေးမှာမြင်ရတဲ့အတိုင်းပါပဲ။
သဘောကတော့ လုပ်ငန်းလုပ်နေစဉ် ကာလတစ်လျှောက်လုံးမှာ ပုံမှန်ပြန်လည် သုံးသပ်နေမယ်။
လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်နေမယ်။ ကိုယ့်စီမံချက်နဲ့ ပတ်သက်ဆက်နွယ်နေတဲ့ လူတွေ
အားလုံးကို အချိန်နဲ့ တစ်ပြေးညီ အသိပေးတင်ပြနေမယ် ဆိုတာမျိုးပါ။


အဲဒီကွင်းလေးတွေကိုဆက်လိုက်ရင် ဒီလိုပုံလေး ထွက်လာပါလိမ့်မယ်။



ပြောချင်တဲ့ သဘောကတော့ စီမံချက်အစကနေ အဆုံးထိ ဆက်တိုက်
မျက်ခြည်မပျက်ဘဲ ပုံမှန်သုံးသပ် ပြင်ဆင် အသိပေးနေဖို့ လိုပါတယ်။
အဲလိုပြောမယ်ဆိုရင် Monitoring ဆိုတာ
စဉ်ဆက်မပြတ် (continuous) ဆိုတဲ့သဘော အဓိကပါဝင်ပါတယ်။
စီမံချက်အစကနေအဆုံးထိ ဘယ်နှစ်ကြိမ်းပါသင့်တယ် ဆိုတာကတော့
စီမံချက်တစ်ခုချင်းစီရဲ့ သဘောသဘာဝပေါ် မူတည်ပါလိမ့်မယ်။
စီမံချက်ကာလအတိုအရှည်၊ လုပ်ငန်း အနည်းအများပေါ် မူတည်ပါတယ်။
အဲဒီအကြောင်းကို Monitoring plan ကျရင် ထပ်မံဆွေးနွေးပါဦးမယ်။
စီမံချက်တစ်ခုကို တာဝန်ခံထားရတဲ့လူတွေအနေနဲ့ နောက်ထပ် ဘာတွေကိုသိဖို့ လိုပါသေးလဲ။
ဒါတွေလိုပါသေးတယ်။ တကယ်ရလာတဲ့ ရလဒ်တွေဟာ မျှော်လင့်ထားတဲ့အတိုင်း၊
စီစဉ်ထားတဲ့အတိုင်း ဟုတ်ရဲ့လား။ ကိုယ်အစီအစဉ်ဆွဲထားတဲ့အတိုင်း ရည်ရွယ်ချက်တွေဟာ
ပြည့်မီရဲ့လား။ ကိုယ့်စီမံချက်ဟာ အစီအစဉ်ဆွဲတုန်းက စီမံချက်ဒီဇိုင်းလုပ်တဲ့အချိန်ကအတိုင်း
ဟုတ်သေးရဲ့လား။ ဒီအတိုင်းဆက်လုပ်ရင် ပတ်ဝန်းကျင်အပြောင်းအလဲတွေနဲ့ ကိုက်ညီမှုရှိသေးရဲ့လား။
ကိုယ့်စီမံချက်က ကောင်းကောင်းလည်ပတ်နေလား။ တကယ်ကော ထိရောက်ရဲ့လား။
ကိုယ်ရည်ရွယ်ထားတဲ့လူတွေအတွက် တကယ်အကျိုးရှိရဲ့လား။
ရလာတဲ့အကျိုးတရားတွေကကော ရေရှည်တည်မြဲပဲ့မလား။
အဲဒီ မေးခွန်းတွေကလည်း စီမံချက်တစ်ခုကို တာဝန်ခံထားရတဲ့
လူတွေအတွက် အရေးကြီးတဲ့ မေးခွန်းတွေပါပဲ။
Evaluation ဆိုတာ အဲဒီမေးခွန်းတွေအတွက် အဖြေရဖို့ အားထုတ်ရတာပါ။


Evaluation ဆိုတာကတော့ Monitoring လို စဉ်ဆက်မပြတ်
ဆက်တိုက် စောင့်ကြည့်နေတာမျိုး မဟုတ်ဘဲ တဖြတ်တဖြတ်လုပ်တဲ့သဘော ပိုပါတယ်။
ဆိုလိုတာက periodic ဆိုတဲ့သဘောပါ။ အချိန်ကာလတစ်ခုကြာမှ တစ်ခါလုပ်တာမျိုးပါ။
ဥပမာ။ ။ ၅နှစ်စီမံချက် ဆိုပါတော့။ လတိုင်း၊ နှစ်တိုင်းမှာ evaluation လုပ်ဖို့ မလိုပါဘူး။
၂နှစ်၊ ၃နှစ်လောက်မှာ တစ်ခါ စီမံချက်ပြီးသွားတဲ့အခါမှာ တစ်ခါ စီမံချက်ပြီးလို့
နောက် ၂နှစ်၊ ၃နှစ်လောက်မှာ တစ်ခါလုပ်ရတာမျိုးပါ။
ဒီလိုဆိုရင် Monitoring ဆိုတာ ဘာလဲ။ Evaluation ဆိုတာ ဘာလဲ။
Monitoring နဲ့ Evaluation ဘာကွာလဲဆိုတာ အကြမ်းဖျင်းလောက်တော့ ဆွေးနွေးပြီးပါပြီ။

အောက်ကပုံလေးကို ကြည့်လိုက်ရင် ပိုရှင်းသွားမှာပါ။



အနက်တိုင်လေး ၂တိုင်ကို မှတ်မိပါလား။ စီမံချက် အစနဲ့အဆုံးလေ။
Monitoring ဆိုတာ စီမံချက်အစကနေအဆုံးထိ ဆက်တိုက်လုပ်နေရတဲ့ ကွင်းလေးတွေဆိုရင်
Evaluation ဆိုတာ အပါက ဂုံးလေးတွေပေါ့။ စီမံချက်စစချင်း တစ်ခါ၊
စီမံချက် အလယ်လောက်မှာ တစ်ခါ၊ စီမံချက်ပြီးတော့ တစ်ခါ၊ စီမံချက်ပြီးတော့နောက်
တော်တော်ကြာမှ တစ်ခါ လုပ်လေ့ရှိပါတယ်။ ဒါဆို M&E ရဲ့ အခြေခံသဘောတရားက
ရှင်းသွားလောက်ပါပြီ။ အမျိုးအစားတွေအကြောင်း ဆက်ဆွေးနွေးရအောင်။

စောင့်ကြည့်လေ့လာခြင်းနှင့်
အကဲဖြတ်သုံးသပ်ခြင်း အမျိုးအစားများ။



စောင့်ကြည့်လေ့လာခြင်း အမျိုးအစားများ

စောင့်ကြည့်လေ့လာခြင်းအမျိုးအစားတွေအနေနဲ့ ပြောရမယ်ဆိုရင်
အဓိကအနေနဲ့ သုံးမျိုးရှိတယ်လို့ အကြမ်းဖျင်းပြောနိုင်ပါတယ်။
အဲဒါတွေကတော့ လုပ်ဆောင်ချက်တွေကို စောင့်ကြည့်လေ့လာတဲ့
activities monitoring ရလဒ်တွေကို စောင့်ကြည့်လေ့လာတဲ့
results monitoring နဲ့ စီမံချက် ပတ်ဝန်းကျင်အခြေအနေတွေကို
စောင့်ကြည့်လေ့လာတဲ့ situation monitoring ဆိုတာတွေပဲ ဖြစ်ပါတယ်။
ပထမဦးဆုံးအနေနဲ့ activities monitoring အကြောင်းဆွေးနွေးပါ့မယ်။
activities monitoring ဆိုတာက စီမံချက်မှာ အသုံးပြုနေတဲ့ ပစ္စည်းတွေရဲ့
အရေအတွက်၊ အရည်အသွေးတွေ မှန်ကန်ရဲ့လား။ တိကျရဲ့လား။ အချိန်မီရရှိရဲ့လား။
တစ်ခုခုလွဲချော်နေရင် ဘာကြောင့်ဖြစ်တာလဲ။ ဘယ်လိုဖြေရှင်းရမလဲ။
လုပ်ဆောင်ချက်တွေကလည်း စီစဉ်ထားတဲ့အတိုင်းလုပ်နိုင်လား။ အချိန်မီပြီးစီးရဲ့လား။
စတာတွေကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာတာမျိုးကို ပြောချင်တာပါ။
နောက်တစ်ခုက result monitoring ပါ။ result monitoring ဆိုတာကတော့
စီစဉ်ထားတဲ့အတိုင်း ရလဒ်တွေ တကယ်ရနိုင်လား။ မျှော်မှန်းထားတဲ့ ရည်ရွယ်ချက်အတိုင်း
ပြည့်မီရဲ့လား။ အဓိကအနေနဲ့ log-frame ရဲ့ output level ကို ကြည့်တာပါ။
လိုချင်တဲ့ မျှော်လင့်ထားတဲ့ output တွေ ရလား၊ မရဘူးလား။ မရရင် ဘာကြောင့်မရတာလဲ။
ဘာတွေ ပြုပြင်ပြောင်းလဲဖို့လိုလဲ ဆိုတာတွေကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာနေတာမျိုးပါ။
နောက်ဆုံးတစ်ခုကတော့ situation monitoring အကြောင်းပါ။
situation monitoring ဆိုတာကတော့ စီမံချက်လုပ်နေတဲ့ နေရာဒေသရဲ့
အခြေအနေနဲ့ ပတ်ဝန်းကျင်အနေအထား ပြောင်းလဲမှုတွေကို စဉ်ဆက်မပြတ်
စောင့်ကြည့်လေ့လာနေတာမျိုးကို ပြောချင်တာပါ။
အဓိက အနေနဲ့ကတော့ စီမံချက်တစ်လျှောက်လုပ်နေတဲ့ လုပ်ငန်းဆောင်တာတွေနဲ့
စဉ်ဆက်မပြတ် တိုးတက်နေမှုတွေကို ထိခိုက်နိုင်တဲ့ ကိစ္စရပ်တွေကို မျက်ခြည်မပြတ်ဖို့ပါ။

အကဲဖြတ်သုံးသပ်ခြင်း အမျိုးအစားများ

အကဲဖြတ်သုံးသပ်ခြင်းအမျိုးအစားတွေကို အချိန်ကာလအပိုင်းအခြားအရ အမျိုးအစားခွဲတာမျိုးနဲ့ ပါဝင်ဆောင်ရွက်တဲ့ လူတွေအရ အမျိုးအစားခွဲတာမျိုးတွေ ရှိပါတယ်။ အချိန်ကာလအရဆိုရင်တော့ အကြမ်းဖျင်းအနေနဲ့ ၄မျိုးရှိပါတယ်။

၁။ စီမံချက်မစခင် ကြိုတင်လေ့လာသုံးသပ်ခြင်း (baseline evaluation)

၂။ စီမံချက်အလယ်တွင် လေ့လာသုံးသပ်ခြင်း (mid-term evaluation)

၃။ စီမံချက် ပြီးဆုံးချိန်တွင် လေ့လာသုံးသပ်ခြင်း (project end evaluation/ end line)

၄။ စီမံချက် ပြီးနောက်ပိုင်းမှ လေ့လာသုံးသပ်ခြင်း (post evaluation)ဆိုတာ တွေပဲဖြစ်ပါတယ်။

ပါဝင်လူတွေအပေါ်အခြေခံပြီးခွဲမယ်ဆိုရင်လည်း တခြားအမျိုးအစားတွေရှိပါတယ်။

၁။ လုပ်နေတဲ့သူတွေ၊ လုပ်ခဲ့တဲ့သူတွေ ကိုယ်တိုင်က ကိုယ်လုပ်ခဲ့တဲ့ အလုပ်တွေကို ပြန်လည်ဆန်းစစ် သုံးသပ်တာမျိုး (Self evaluation/ Internal evaluation)

၂။ ကိုယ့်အဖွဲ့အစည်းထဲကမဟုတ်ဘဲ ပြင်ပပညာရှင်တွေက လေ့လာသုံးသပ်တာမျိုး (External evaluation)

၃။ အတွင်းလူတွေရော အပြင်လူတွေပါ ပူပေါင်းပြီး လေ့လာ သုံးသပ်တာမျိုး (Joint evaluation)

၄။ စီမံချက်ကနေ တိုက်ရိုက် အကျိုးရှိနေသူတွေက ဦးဆောင်ပြီး စီမံချက်ကို သုံးသပ်တာမျိုး (Participatory evaluation/ Auto evaluation)

ဒီလိုခွဲမယ်ဆိုရင်လည်း ရပါတယ်။ အမျိုးအစားလို့ ပြောမယ်ဆိုရင်တော့ ဘယ်လိုခွဲလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး အမျိုးအစားတွေ အများကြီးရှိနိုင်ပါတယ်။ ပညာရှင်ပေါင်းစုံကလည်း အမျိုးမျိုးခွဲပြနိုင်ကြပါလိမ့်မယ်။

ဒါကတော့ Monitoring အမျိုးအစားတွေနဲ့ Evaluation အမျိုးအစားတွေ အကြောင်း မိတ်ဆက်တာပါ။ နောက်တစ်ခုက M&E လုပ်မယ်ဆိုရင် ဘယ်ကစမလဲဆိုတာကို ဆွေးနွေးကြည့်မှာပါ။ ပထမဦးဆုံးအရေးကြီးတာက M&E Plan ပါ။ ဘယ်လို Plan လုပ်မလဲ။

စောင့်ကြည့်လေ့လာခြင်းနှင့်
အကဲဖြတ်သုံးသပ်ခြင်း အခြေခံ

M&E ရဲ့ အစက Plan ပါ။ ဘယ်လို Plan လုပ်မလဲဆိုတာက စစဉ်းစားသင့်ပါတယ်။

ဘယ်လို Plan လုပ်ကြမလဲ။

Plan လုပ်တဲ့နည်းတွေ အမျိုးမျိုးရှိတယ်။ အရမ်းလွယ်ကူရိုးရှင်းတဲ့ နည်းတွေ၊ ပြည့်ပြည့်စုံစုံနဲ့ အရမ်းစနစ်ကျတဲ့ နည်းတွေ၊ စသဖြင့် ရှိပါတယ်။ အခု ဆွေးနွေးတင်ပြမယ့်နည်းကတော့ အရမ်းကြီး မရိုးရှင်းဘူး။ အရမ်းကြီးလည်း မပြည့်စုံသလို အရမ်းကြီးလည်း စနစ်မကျပါဘူး။ ကြားကျပြီး လက်တွေ့ အလုပ် ဖြစ်နိုင်တဲ့ နည်းလေးတစ်ခုနဲ့ မိတ်ဆက်ပေးပါရစေ။

အဲဒါကတော့ Log-frame ရဲ့ Indicator column ပေါ်မှာ အခြေခံပြီး ဘယ်လို Plan လုပ်မယ်ဆိုတာကို ဆွေးနွေးချင်တာပါ။

အဲဒီဇယားကွက်လေးထဲမှာ ကော်လံ ၆ခုပါပါတယ်။

ဒီဇယားကွက်လေးကို indicator matrix လို့လည်း ခေါ်ကြပါတယ်။ အရမ်းမခက်ပါဘူး။ ကြည့်ကြည့်ရအောင်နော်။

Indicator	Definition	Data Collection Source/ Method	Frequency & Schedule	Person/s Responsible	Info. Use & Audience
OUTCOME					
Indicator 1:					
Indicator 2:					
OUTPUT					
Indicator 1:					
ASSUMPTION					
ETC.					

ပထမဆုံးကော်လံက Indicator ပါ။ Log-frame က Indicator ပေါ့။


Excel မှာဆိုရင်တော့ M&E Plan လုပ်ဖို့ နောက်ထပ် Sheet တစ်ခုကို ထပ်သုံးစေချင်ပါတယ်။ ပထမ Sheet မှာ Log-frame ရှိတယ်။ ဒုတိယ Sheet မှာ M&E Plan ဆွဲမယ်ဆိုရင် ဒုတိယ Sheet မှာ = သုံးပြီးLink လုပ်လို့ရပါတယ်။ ပထမSheet က indicator တွေကို တစ်ခုချင်း = နဲ့ Link လုပ်လိုက်ရင် ဒုတိယSheet မှာ indicator တွေပေါ်လာပါမယ်။ Copy Paste မလုပ်စေချင်ပါဘူး။Copy Paste လုပ်လိုက်ရင် Log-frame မှာပြင်သမျှ M&E Plan မှာ Manual လိုက်ပြင်နေရပါလိမ့်မယ်။ ခုနကပြောတဲ့နည်းအတိုင်းဆိုရင် Log-frame မှာပြင်သမျှ M&E Plan မှာ auto ပြင်ပြီးသား ဖြစ်နေမှာပါ။

ဒုတိယကော်လံက indicator ရဲ့ definition ပါ။
ဆိုလိုချင်တာက ကိုယ်ဘာကိုတိုင်းမယ်ဆိုတာကို ပိုပြီးတိတိကျကျပြောတဲ့ သဘောပါ။
indicator ဆိုတာ ရှေ့မှာပြောခဲ့တဲ့အတိုင်း ဘာကိုတိုင်းတာမှာလဲဆိုတဲ့ ညွှန်ကိန်းပါ။
ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတဲ့အတိုင်း ညွှန်ကိန်းကောင်းတစ်ခုဟာ SMART နဲ့
ကိုက်ညီရမယ်လေ။ ကိုယ့်ညွှန်ကိန်းက စမတ်မဖြစ်ခဲ့ရင် ခုအချိန်က အချိန်ကောင်းပါပဲ။
ဘာကိုတိုင်းမယ်ဆိုတာ သေသေချာချာ သတ်မှတ်ပေးရပါမယ်။
ဥပမာလေးတစ်ခုလောက်ပြောလိုက်ရင် ပိုရှင်းသွားပါလိမ့်မယ်။
ညွှန်ကိန်းထဲမှာ ရေးထားတဲ့ စကားလုံးတွေကိုစွပါ။
တချို့စကားလုံးတွေက အဓိပ္ပာယ်တစ်မျိုးတည်းမထွက်ဘဲ လိုရာဆွဲတွေးလို့ရပါတယ်။
ဆိုလိုချင်တာက မှုန်ဝါးဝါးဖြစ်နေတဲ့ စကားလုံးမျိုးတွေပေါ့။
ဥပမာ–အစည်းအဝေးဘယ်နှစ်ကြိမ်ကျင်းပခဲ့တယ်ဆိုတာ ညွှန်ကိန်းဆိုပါတော့
အစည်းအဝေးဆိုတဲ့ စကားလုံးက အငြင်းပွားချင်စရာ စကားလုံး ဖြစ်လာပါတယ်။
ဘယ်လိုအခြေခံအချက်အလက်တွေနဲ့ ကိုက်ညီမှ အစည်းအဝေးလို့ ပြောနိုင်ပါလဲ။
အစည်းအဝေးလုပ်ခဲ့ပါတယ်။ လူတွေလာကြတယ်။ ကော်ဖီတွေသောက်၊ မုန့်တွေစား၊
အတင်းတွေတုပ်၊ ထွေရာလေးပါး တောင်ရောက်မြောက်ရောက် ပြောချင်ရာတွေပြောပြီး
ပြန်ကြတယ်။ လုပ်ရမယ့်အရေအတွက်လည်း အတိအကျလုပ်ပြီးသွားတယ်။
အဲဒါ အစည်းအဝေးလား။ ရလဒ်ကဘာလဲ။ အဲဒီတော့ အစည်းအဝေးဆိုတဲ့ စကားလုံးကို
အခြေခံစံနှုန်း သတ်မှတ်ပေးဖို့ လိုပါတယ်။ Definition ဖွင့်ဖို့လိုပါတယ်။
Minimum Standard လို့လည်း ပြောကြပါတယ်။ အစည်းအဝေးဆိုတာ Agenda
ရှိရမယ်။ Meeting Chair/ Facilitator ရှိရမယ်။ Meeting Minute ရေးရမယ်။
အဲလို သတ်မှတ်ထားမှ ရလဒ်ထွက်နိုင်တဲ့ အစည်းအဝေးဖြစ်မှာပါ။
တတိယကော်လံအကြောင်း ဆက်သွားကြည့်ရအောင်။ Data Collection Source/
Methods ဆိုတာက Log-frame ရဲ့ MoVs (Means of Verification) ကို
ထပ်ချဲ့ရေးရမှာပါ။ ရှေးမှာ အကြမ်းဖျင်းရေးပြီးပါပြီ။ အဲဒါကို နည်းနည်း ပို အသေးစိတ်
ထပ်ရေးတဲ့ သဘောပါပဲ။ ဘယ်နေရာက သတင်းအချက်အလက်တွေရမယ် (Data
Source) အဲဒီအချက်အလက်တွေကို ဘာနည်းလမ်းသုံးပြီး ကောက်မယ် (Methods)၊
အဲလိုကောက်ဖို့အတွက် ဘာ tools တွေ ပြင်ဆင်ဖို့လိုတယ် ဆိုတာကို ရေးပြရမှာပါ။
ဒီနေရာမှာ နည်းနည်း ဆွေးနွေးချင်စရာကောင်းတာက Method နဲ့ tool ဘာကွာလဲ
ဆိုတဲ့ အကြောင်းပါ။ ဘာကွာလဲ။ Method ဆိုတာ အားလုံးသိကြတဲ့အတိုင်း
အင်တာဗျူးတွေအမျိုးမျိုးလုပ်တယ်။

FGD လုပ်တယ်။ လူထုပူးပေါင်းပါဝင်တဲ့ နည်းလမ်းတွေနဲ့ အချက်အလက်တွေကောက်တယ်။
ဒါ Method တွေပါ။ ဒါဆို tool တွေက ဘာတွေလဲ။
Questionnaires, FGD guide စတာတွေ ဟုတ်ပါတယ်နော်။
အဲတော့ ဘာကွာလဲ။ လွယ်လွယ်လေးပါ။ ဒီလိုမှတ်ထားလိုက်ရင် မမေ့တော့ပါဘူး။
ကိုင်လို့ရတာ tool ကိုင်လို့မရတာ method ပါ။ ဟုတ်တယ်လေ မေးခွန်းစာရွက်တို့ ဂိုက်လိုင်းတို့ဆိုတာ လက်နဲ့ကိုင်လို့ ရတယ်။ အင်တာဗျူးဆိုတာကို လက်နဲ့ကိုင်လို့ မရဘူး။ အိုကေနော်။
ဒါဆို ကော်လံ ၄ ကို ဆက်သွားကြည့်ကြမယ်။
Frequency & Schedule ဆိုတာကတော့ ရှင်းရှင်းလေးပါ။
Frequency ဆိုတာ ကြိမ်နှုန်း။ ကြိမ်နှုန်းဆိုတာ ဘယ်လောက်ကြာရင် တစ်ခါလုပ်မယ် ဆိုတာကို ချရေးရတာပါ။ How often ပေါ့။ အချက်အလက်ကို လေးလကြာရင် တစ်ခါကောက်မယ်။ တစ်နှစ်တစ်ခါကောက်မယ် စသဖြင့် ရေးတာပါ။ Schedule ကတော့ ဒေတာကောက်မယ့် အချိန် အတိအကျကိုပါထည့် စဉ်းစားထားတယ်ဆိုတဲ့ သဘောပါ။ ဥပမာ ဘယ်နှစ်၊ ဘယ်လမှာ တစ်ကြိမ်၊ ဘယ်နှစ် ဘယ်လရောက်ရင် တစ်ကြိမ် စသဖြင့် နှစ်၊လတွေကို အတိအကျ ချရေးထားတာမျိုးပါ။ ပိုပြီး စနစ်ကျတယ် ဆိုတဲ့ သဘောပေါ့။
နောက်တစ်ခုကတော့ တာဝန်ခံပြီးလုပ်မယ့်သူက ဘယ်သူလဲဆိုတာကို ဖော်ပြထားရမှာပါ။
သူလိုလိုကိုယ်လိုလိုဖြစ်မှာစိုးလို့ ဘယ်သူတာဝန်ခံပြီး လုပ်မယ်ဆိုတာကို ရေးတာပါ။
အဲဒီနေရာမှာ လူနာမည်ရော၊ ရာထူးပါထည့်ရေးရင် ပိုကောင်းပါတယ်။ နာမည်တူ၊ ရာထူးတူတဲ့ လူတွေနဲ့ မရောထွေးတော့ဘူးပေါ့။
နောက်ဆုံး ၆ ခုမြောက် ကော်လံကတော့ Information use & audience ပါ။ ရလာတဲ့ လေ့လာသုံးသပ်မှု ရလဒ်တွေကို ဘာအတွက်သုံးမှာလဲ။ ဘယ်သူတွေအတွက် သုံးမှာလဲဆိုတာတွေကို ဖော်ပြရတာပါ။ ဖြည့်ပြီးသား ဇယားကွက်လေးကို အောက်မှာ ဥပမာပြထားပါတယ်။
ကြည့်ကြည့်ရအောင်နော်။

Indicator	Definition	Data Collection Source/ Method	Frequency & Schedule	Person/s Responsible	Info. Use & Audience
OUTPUT					
စီမံချက်နယ်မြေထဲမှာ တစ်နှစ်အတွင်း ကျောင်းထွက်သွားသော ကလေးအရေအတွက်	စီမံချက်နယ်မြေဆိုသည်မှာ ကကြီးအဖွဲ့အလုပ်လုပ်နေသော ခမြို့ဂကျေးရွာအုပ်စုမှ ကျေးရွာ ၁၂ရွာ တစ်နှစ်အတွင်းဆိုသည်မှာ ၂၀၁၁ ဇွန်လမှ ၂၀၁၂ ဖေဖော်ဝါရီလအထိ ပညာသင်နှစ် ကျောင်းထွက်သွားသော ကလေးဆိုသည်မှာ မူလတန်းအရွယ် ကျောင်းအပ်ပြီးဆက်မတက်သော စာမေးပွဲမဖြေသော ကလေးအရေအတွက်	မူလတန်းကျောင်းရှိမှတ်တမ်းများ၊ ပညာရေးမှူးရုံးရှိမှတ်တမ်းများ။ မှတ်တမ်းလေ့လာခြင်း၊ တိုက်ရိုက်စောင့်ကြည့်လေ့လာခြင်း၊ ကျောင်းထွက်သွားသော ကျောင်းသား မိဘများနှင့် အင်တာဗျူးလုပ်ခြင်း၊	တစ်နှစ်အတွင်း သုံးကြိမ်။ ဇွန်လ ၂၀၁၁(မှတ်တမ်းလေ့လာစောင့်ကြည့်လေ့လာ)၊ အောက်တိုဘာ ၂၀၁၁(စောင့်ကြည့်လေ့လာ)၊ ဖေဖော်ဝါရီ ၂၀၁၂ (မှတ်တမ်းလေ့လာ၊ မိဘ အင်တာဗျူး)	ဦးဃကြီး၊ စီမံချက်တာဝန်ခံနှင့် ကွင်းဆင်းဝန်ထမ်းနှစ်ဦး	စီမံချက် စောင့်ကြည့်လေ့လာခြင်း စီမံချက် တာဝန်ခံနှင့် စီမံကိန်း တာဝန်ရှိသူများ အလှူရှင်များမှ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်။


ဒါက Output တစ်ခုကို ဥပမာပြထားတာပါ။ ဒီပုံစံအတိုင်း Log-frame ထဲမှာရှိတဲ့ indicator အားလုံးကို Outcome level ကစပြီး Plan လုပ်ရမှာပါ။ Outcome, Output, Acitvity နဲ့ဖြစ်နိုင်ရင် Assumption တွေကိုပါ မော်နီတာလုပ်ဖို့ Plan ထဲ ထည့်ရေးသင့်ပါတယ်။ အားလုံး မှတ်မိကြမှာပါ။ Situation Monitoring ဆိုတာလေ။ အဲဒါက Log-frame ရဲ့ Assumption တွေကို စောင့်ကြည့်လေ့လာတာပါ။
ဒါဆိုကျွန်တော်တို့ ဘယ်အချိန်မှာ ဘယ်လိုနည်းလမ်းတွေသုံးပြီး ဘယ်သူတွေက ဘာလုပ်မယ်ဆိုတဲ့ အစီအစဉ်ထွက်လာပါပြီ။ အဲဒီအစီအစဉ်အတိုင်း စောင့်ကြည့်လေ့လာ သုံးသပ်အကဲဖြတ်ရမှာပါ။



နောက်တစ်ဆင့်ကတော့ တကယ်လက်တွေ့လုပ်ရတော့မယ့်အပိုင်းဖြစ်သွားပါပြီ။ ဘယ်ကစပြီး ဘယ်လိုလုပ်ကြမလဲ။ နည်းလမ်းတွေကို အရင် စကြည့်ရအောင် ကျွန်တော်တို့ရွေးထားတဲ့နည်းက ကျောင်းထွက်သွားတဲ့ ကျောင်းသားမိဘတွေနဲ့ အင်တာဗျူးလုပ်မယ် ဆိုပါစို့။ အဲဒီနည်းလမ်းသုံးပြီးလုပ်ဖို့ ဘာလိုမလဲ။ tool လိုတာပေါ့။ အင်တာဗျူးလုပ်မယ်ဆိုရင် ဘယ်လိုအင်တာဗျူးမျိုး လုပ်မှာလဲ။ Structured Interview လုပ်မယ်ဆိုရင် tool အနေနဲ့ Questionnaire လိုမယ်။ Unstructured Interview လုပ်မယ်ဆိုရင် interview guide လိုမယ်။
အဲဒီလို tools တွေကို ကြိုတင်ပြင်ဆင်ဖို့လိုပါတယ်။ tools တွေပြင်ဆင်တဲ့ နည်းလမ်းအမျိုးမျိုးရှိနိုင်ပါတယ်။ အကောင်းဆုံးနည်းကတော့ Team အနေနဲ့ အားလုံး ဝိုင်းစဉ်းစားပြီး ဝိုင်းလုပ်တာအကောင်းဆုံးပါပဲ။ ဘယ်လိုလုပ်မလဲဆိုတာကတော့ နည်းလမ်း တစ်ခုချင်းစီပေါ်မှာ မူတည်ပါတယ်။ ဒီစာအုပ် တစ်အုပ်တည်းနဲ့ နည်းလမ်းအားလုံးရဲ့ tools တွေဖော်ထုတ်ပြဖို့ မလွယ်ပါဘူး။
နည်းလမ်းအနေနဲ့ကလည်း အဓိကက Qualitative နဲ့ Quantitative ပါပဲ။ သက်ဆိုင်ရာ နည်းလမ်းတစ်ခုချင်းစီ အပေါ်မှာ အတွေ့အကြုံရှိပြီးသားသူတွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး ပူပေါင်း ဆောင်ရွက်သင့်ပါတယ်။

Sampling

နောက်တစ်ခုက Sampling ပါ။ ကျောင်းထွက်သွားတဲ့ ကျောင်းသား မိဘတွေနဲ့
အင်တာဗျူးလုပ်မယ်။ ကျောင်းထွက်သွားတဲ့ ကျောင်းသား ဘယ်နှစ်ယောက်လဲ။
သူတို့မိဘတွေ အကုန်လုံးကို အင်တာဗျူး လိုက်လုပ်မှာလား။ တချို့ကိုပဲ
ရွေးလုပ်မှာလား။ ဘယ်နှစ်ယောက်ကို ရွေးမလဲ။ ဘယ်လိုရွေးမလဲ။
အရွေးခံရသူတွေကရော ကျန်တဲ့သူအားလုံးကို ကိုယ်စားပြုနိုင်လား။
အဲဒီမေးခွန်းတွေကို ဖြေကြည့်ရအောင် ...



Sampling အကြောင်းပြောမယ်ဆိုရင် sample ဆိုတာ ဘာလဲဆိုတာက
စပြောရပါလိမ့်မယ်။ Sample ဆိုတာ နမူနာပေါ့။ အများကြီးထဲက နမူနာအနေနဲ့
ကိုယ်စားပြုနိုင်တဲ့ အရေအတွက် နည်းနည်းကို ပြောတာပါ။ အဲဒီနမူနာအရေအတွက်က
ကျန်တဲ့အားလုံးကို ကိုယ်စားပြုနိုင်ရပါမယ်။ ဆိုပါစို့ ဆန်ကားတစ်စီးထဲမှာ
ဆန်အိတ်တစ်ထောင်ပါတယ်။ ဆန်တွေရဲ့အရည်အသွေးကို စစ်ဆေးရမယ်ဆိုရင်
ဘယ်လိုစစ်မလဲ။ သေချာတာကတော့ ကျွန်တော်တို့ဆန်အိတ်အားလုံးကို
တစ်အိတ်ချင်းမစစ်နိုင်ပါဘူး။ ဆန်အိတ်စစ်တဲ့သူတွေမှာ
စစ်ဆေးတဲ့နည်းလမ်းတွေရှိမှာပေါ့။ ဒီလိုပါပဲ ကျွန်တော်တို့
အချက်အလက်ကောက်တဲ့နေရာမှာ လူအားလုံးကိုလျှောက်မေးနေလို့မရပါဘူး။
လူရွေးပြီးမေးရမှာပါ။ ဒေသတစ်ခုမှာရှိတဲ့လူအားလုံးကို ကိုယ်စားပြုနိုင်တဲ့
လူတချို့ဆီကပဲ သတင်းအချက်အလက်တွေ ရယူရမှာပါ။

Sampling မှာ အဓိကနှစ်မျိုးရှိပါတယ်။ Probability Sampling နဲ့
Non-probability Sampling ပါ။ အားလုံးမှတ်မိကြမယ်ထင်ပါတယ်။
ကျွန်တော်တို့ အထက်တန်းသချိုင်္ဂာမှာပါတဲ့ probability လေ။
ဖြစ်နိုင်ခြေ၊ ဖြစ်တန်ရာတွေကို စဉ်းစားတာ probability ပါ။
အဲလိုပြောရင် ဖြစ်တန်ရာတွေကို သိပ်မစဉ်းစားဘဲ အဆင်ပြေသလို လုပ်ရတာ
Non-probability လို့ ပြောလို့ရပါတယ်။ ဆိုတော့ Non-probability ဆိုတာ
အဆင်ပြေသလိုလုပ်တဲ့သဘောဆိုတော့ Convenient Sampling လို့လည်း ခေါ်ပါတယ်။
အချက်အလက် ကောက်ယူတဲ့အခါမှာ Qualitative ဆန်တဲ့ နည်းလမ်းတွေသုံးရင်
Non-probability/ Convenient Sampling ကို အသုံးများပါတယ်။
ကိုယ်လိုချင်တဲ့ အချက်အလက် (Criteria) တွေနဲ့ကိုက်ညီတဲ့လူတွေကို အဆင်ပြေသလို
စုပြီး ဆွေးနွေးမေးမြန်း သတင်းယူတာမျိုးပါ။ နောက်တစ်ခုကတော့ Quantitative
နည်းလမ်းတွေမှာ သုံးတဲ့ Probability Sampling ပါ။ ဘယ်ဟာက သာတယ်။
ဘယ်ဟာက မကောင်းဘူးလို့ ပြောဖို့ ခက်ပါတယ်။ သူ့နေရာနဲ့သူ အားသာချက်တွေရှိပါတယ်။
နှစ်မျိုးပေါင်းမှ အဆင်ပြေတယ် ဆိုတာမျိုးတွေလည်း ရှိပါတယ်။ ဆိုလိုချင်တာက
Qualitative နည်းတွေ သုံးမယ်ဆိုရင် Sampling အကြောင်းအများကြီး
ထည့်သွင်းစဉ်းစားစရာ မလိုပါဘူး။ ကိုယ်လိုချင်တဲ့ Criteria တွေချပြီး Criteria နဲ့
ကိုက်ညီတဲ့လူတွေနဲ့ အလုပ်လုပ်ရင် အဆင်ပြေတယ်လို့ အကြမ်းဖျင်း ပြောလို့ရပါတယ်။
ဒီအတိုင်းပဲ လုပ်ရမယ်လို့ မပြောပါဘူး။ Criteria နဲ့ ကိုက်တဲ့လူတွေ အများကြီး ရှိနေပြီ
ဆိုရင်တော့ ကျန်တာတွေကို ထည့်သွင်းစဉ်းစားရမှာပါ။ Quantitative နည်းလမ်းတွေ
သုံးမယ်ဆိုရင်တော့ Sampling က မရှိမဖြစ် အရေးကြီးတဲ့ ထည့်သွင်းစဉ်းစားစရာ
အချက်ပါ။
Sampling နဲ့ ပတ်သက်ရင် အလွယ်တကူ လုပ်လို့ရတဲ့နည်းလမ်း တော်တော်နည်းပါတယ်။
အဓိကက Sample size ပါ။ လူဘယ်လောက်ရှိနေတဲ့ထဲက လူဘယ်နှစ်ယောက်ကို
ရွေးရမယ်ဆိုတာကို တွက်ထုတ်တာမျိုးပါ။ Formula တွေရှိပါတယ်။ ကိန်းဂဏန်း
ပညာရှင်တွေ လိုအပ်ပါတယ်။ လူဘယ်နှစ်ယောက်ကို ရွေးထုတ်ပြီးမေးမယ်ဆိုတာ
သိပြီဆိုရင်တော့ ဘယ်လိုရွေးမယ်ဆိုတဲ့ Sampling Method တွေရှိပါတယ်။
အဲဒါတွေကတော့ လေ့လာရင်အရမ်းကြီးမခက်ပါဘူး။ အသေးစိတ်ကိုတော့
စာမျက်နှာအခြေအနေအရ ဒီစာအုပ်မှာ မဖော်ပြနိုင်တော့ပါဘူး။



Data Collection

သတင်းအချက်အလက်ကောက်ယူတဲ့နည်းလမ်းတွေအကြောင်း
ရှေ့မှာအကြမ်းဖျင်း ဆွေးနွေးပြီးပါပြီ။ ဘယ်လို အချက်အလက်ကောက်မယ်။
ဘယ်သူတွေကောက်မယ်ဆိုတာ ဘယ်နည်းလမ်းကို သုံးပြီးကောက်မယ်ဆိုတဲ့
အပေါ် မူတည်ပါတယ်။ နည်းလမ်းတွေအကြောင်းလည်း အကြမ်းဖျင်း
ဆွေးနွေးပြီးသားပါ။ အဓိကက **Qualitative Method** တွေနဲ့
Quantitative Method တွေပါ။ အသုံးများတဲ့ နည်းလမ်းတချို့ကို
ဒီနေရာမှာ မိတ်ဆက်ပေးချင်ပါတယ်။

Document Review

အလွယ်ကူဆုံးလို့ပြောလို့ရတဲ့ အချက်အလက်ကောက်ယူနည်းတစ်ခုပါ။ ရှိပြီးသား
အထောက်အထားတွေ၊ အစီရင်ခံစာတွေ၊ တခြားလူတွေအဆင်သင့် လုပ်ပြီးသား
ကောက်ချက်ချပြီးသား အချက်အလက်တွေကို စုစည်းလေ့လာတဲ့နည်းပါ။
ဒီနည်းကိုယ်လုပ်ရမယ့် စီမံချက်နဲ့ ပတ်သက်ဆက်နွယ်နေတဲ့ အကြောင်းတွေကို
စားပွဲပေါ်မှာပဲထိုင်လေ့လာပြီး အားလုံးခြုံငုံမိအောင် လေ့လာသုံးသပ်တဲ့နေရာမျိုးမှာ
အသုံးဝင်ပါတယ်။ ဒါပေမယ့် တစ်ခုခု ကောက်ချက်ချရလောက်အောင်အထိတော့
သေချာခိုင်မာမှုမရှိပါဘူး။ နောက်တစ်ခုက ကိုယ်အဖွဲ့အစည်းတွင်းကလူတွေပဲ ကောက်ထားတဲ့
အချက်အလက်တွေမှာ ဘက်လိုက်မှုတွေ ရှိကောင်းရှိနိုင်ပါတယ်။




Interview

လူသုံးအများဆုံးနည်းလမ်းတစ်ခုပါ။ ကိုယ်စိတ်ကူးကောင်းရင်ကောင်းသလို အမျိုးမျိုး ဆန်းသစ်တီထွင်ပြီး သုံးလို့ရပါတယ်။ အများကြီးလည်း ထိရောက်အောင် သုံးလို့ရပါတယ်။ အင်တာဗျူးလုပ်တဲ့ နည်းလမ်းအမျိုးမျိုးထဲက အဓိကအနေနဲ့ပြောရရင် သုံးမျိုးရှိပါတယ်။ ပထမဆုံးနည်းက စာပေးစာယူလုပ်တဲ့နည်းပါ။ အခုနောက်ပိုင်းဆိုရင်တော့ အီးမေးလ်ကိုအသုံးများပါတယ်။ ကိုယ်မေးချင်တဲ့မေးခွန်းတွေကို အီးမေးလ် ဒါမှမဟုတ် စာတိုက်ကပို့ပေးပြီး အဖြေပြန်ယူတဲ့နည်းပါ။ နောက်တစ်နည်းက အသံပဲကြားရတဲ့ ဆက်သွယ်နည်းတွေသုံးပြီး မေးခွန်းမေးတာပါ။ တယ်လီဖုန်း၊ Voice Mail တွေသုံးပြီး အမေးအဖြေလုပ်တာပါ။ နောက်ဆုံးတစ်ခုက လူချင်း တွေ့မေးတာပါ။ ဒါကတော့ ဒီနည်းသုံးခုထဲမှာ အကောင်းဆုံးနည်းလမ်းပါပဲ။ လူကိုယ်တိုင်တွေ့မေးခွင့်ရလို့ ပိုအသက်ဝင်ပါတယ်။ ဖြေတဲ့လူကို မြင်ရတဲ့အတွက် စောင့်ကြည့်လေ့လာခြင်းနည်းလမ်း (Observation) ကိုတွဲသုံးလို့ရပါတယ်။ ပိုအကျိုးရှိပါတယ်။ လူချင်းတွေ့မေးတဲ့နည်းလမ်း တွေထဲမှာမှ ထပ်ခွဲရင် ရည်ရွယ်ချက်ပေါ်မူတည်ပြီး အများကြီး ထပ်ထွက်လာပါတယ်။ လူသိများတဲ့ နည်းလမ်းတွေကတော့ Structured Interview, Semi-structured Interview, Un-structured Interview စတဲ့ နည်းလမ်းတွေပါ။ Un-structured Interview ကို ထပ်ခွဲရင် In-depth Interview နဲ့ Key Informant Interview ဆိုပြီး ရပါတယ်။ ဒါလူသုံးများတဲ့နည်းလမ်းတွေပါ။ အဲဒီတော့ ဘာကွာလဲဆိုတာ နည်းနည်းထပ်ဆွေးနွေးကြည့်ရအောင်...

Structured, Semi-structured နဲ့ Un-structured ဘာကွာလဲဆိုတော့ မေးတဲ့မေးခွန်း အမျိုးအစားတွေ ကွာပါတယ်။ Structured Interview မှာ အပိတ်မေးခွန်းတွေချည်းပဲ သုံးပါတယ်။ Un-structured Interview မှာ အဖွင့်မေးခွန်းတွေချည်းပဲ သုံးပါတယ်။ တစ်နည်းပြောရရင် အပိတ်မေးခွန်းတွေက ရတဲ့အဖြေတွေဟာ ဟုတ်တယ်မဟုတ်ဘူး ဆိုတာမျိုးတွေပါ။ Quantitative Data တွေပါ။ အဖွင့်မေးခွန်းတွေက ရတဲ့အဖြေတွေဟာ ကျယ်ကျယ်ပြန့်ပြန့် ပြောပြဆွေးနွေးထားတဲ့ ဆွေးနွေးချက်မျိုးတွေပါ။ Qualitative Data ပေါ့။ Semi-structured Interview ကတော့ မေးခွန်းနှစ်မျိုး ရောမေးထားတာပေါ့။ ရလာတဲ့ အချက်အလက်ကလည်း နှစ်မျိုးလုံးပါတယ်။ အဲဒီတော့ အဖွင့်မေးခွန်းတွေချည်း သက်သက်မေးလေ့ရှိတဲ့ Un-structured Interview ထဲက ထပ်ခွဲထားတဲ့ နောက်နှစ်ခုမှာ In-depth Interview (IDI က လူတစ်ဦးတည်းကို တွေ့ဆုံပြီး အကြောင်းအရာတစ်ခုကို ထဲထဲဝင်ဝင် ဆွေးနွေးမေးမြန်းတာမျိုးပါ။ Key Informant Interview (KII) ကတော့ လူအများကို ကိုယ်စားပြုနိုင်တဲ့ အဓိကကျတဲ့လူတစ်ဦးနဲ့ တွေ့ဆုံပြီး အကြောင်းအရာအများကြီးကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမေးမြန်းတာမျိုးပါ။ နောက်ဆုံးအနေနဲ့ ဆွေးနွေးချင်တာကတော့ Group Interview အကြောင်းပါ။ အဖွဲ့လိုက်၊ အုပ်စုလိုက် ဆွေးနွေးမေးမြန်းပြီး အချက်အလက်ရယူတာမျိုးတွေပါ။ အဲလိုမေးမြန်းတဲ့အတွက် အဖွဲ့အတွင်းပါဝင်တဲ့လူတွေ အချင်းအချင်း အပြန်အလှန် ဆက်သွယ်ပြောဆိုမှုတွေကနေ စိတ်ကူးအကြံဉာဏ်သစ်တွေ ရနိုင်ပါတယ်။

Focus Group Discussion

ဒါလည်း လူသုံးများတဲ့နည်းလမ်းတစ်ခုပါ။ အဓိကအနေနဲ့ Qualitative မှာ အသုံးအများဆုံးနည်းလမ်းပါ။ ဒီနည်းလမ်းကတော့ အုပ်စုဖွဲ့ဆွေးနွေးပြီး သတင်းအချက်အလက်ရယူတဲ့နည်းလမ်းပါ။ ပုံမှန်အားဖြင့် လူ ၈ယောက်ကနေ ၁၂ယောက်လောက်ထိ ပါဝင်တတ်ပါတယ်။ အကောင်းဆုံးကတော့ ၁၀ယောက်ပါ။ အဲဒီအဖွဲ့တွင်းမှာ ဒိုင်ခံဆွေးနွေးမယ့် ကူညီပံ့ပိုးသူတစ်ဦးလိုအပ်ပါတယ်။ အဲဒီလူက ဆွေးနွေးပွဲမှာ ဆွေးနွေးမယ့် အကြောင်းအရာတစ်ခုချင်းကို အားလုံးပါဝင်ဆွေးနွေးလာအောင် အစပျိုးပေး၊ တည်ပေးရမှာပါ။ လူတွေပါဝင်ဆွေးနွေးလာရင် ဆွေးနွေးပွဲကို မြို့ငြိမြို့ငြိဆိုင်ဆိုင်ရှိစေဖို့ ထိန်းညှိပံ့ပိုးပေးရမှာပါ။ ဒီနည်းလမ်းကို ရှေ့မှာပြောခဲ့တဲ့ Group Interview နဲ့ မမှားစေချင်ပါဘူး။ Group Interview က မေးခွန်းမေးသူက မေးခွန်းတစ်ခုမေးလိုက်ရင် ဖြေတဲ့လူအုပ်စုထဲမှာ အဖြေရှိတဲ့သူတွေက တစ်ယောက်တလှည့် ဝိုင်းဖြေကြတာမျိုးပါ။ ရလာတဲ့အဖြေပေါ်မှာမူတည်ပြီး ပို့မိုပြည့်စုံတဲ့အဖြေမျိုးရအောင် ဝိုင်းပြောကြတာမျိုးပါ။ FGD မှာတော့ ကူညီပံ့ပိုးသူက ဆွေးနွေးမယ့် အကြောင်းအရာ တစ်ခုပြီးတစ်ခုတင်ပြပေးမယ်။ အစပျိုးပေးမယ်။ အဲဒီပေါ်မှာ ပါဝင်သူတွေအားလုံးက ဝိုင်းဝန်းဆွေးနွေးအကြံပေးကြတာမျိုးပါ။ ဆွေးနွေးပွဲဆိုတဲ့ သဘောပို့ဆန်ပါတယ်။



Data Processing & Analysis


Data Processing ဆိုတာ အချက်အလက်တွေကို စုစည်းပြီးတဲ့နောက်မှာ တစ်ခုခုဖမ်းဆုတ်မိအောင်လုပ်ရတဲ့ သဘော ပါဝင်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် ကျွန်တော်တို့ လွှတ်ထား၊ ကျောင်းထားလေ့ရှိတဲ့ နွားတွေ၊ သိုးတွေ၊ ကြက်တွေကို ခြံထဲရောက်အောင် ပြန်လုပ်တာက data compilation ဆိုတဲ့ သဘောပါပါတယ်။ Compilation က စုစည်းထားရုံ၊ တနေရာထဲမှာ ရှိနေရုံလောက်နဲ့ အဆင်ပြေပါတယ်။ ရထားတာအားလုံး တစ်နေရာထဲမှာ တစုတစည်းတည်းဖြစ်နေရင်ရပါပြီ။ processing ကတော့ အဲလိုမဟုတ်ပါဘူး။ ခွဲခြားစိတ်ဖြာ သုံးသပ်ဖို့ အဆင့်သင့်ဖြစ်လောက်အောင်၊ analyze လုပ်ဖို့ အဆင်သင့် ဖြစ်လောက်အောင်ကို ပြင်ဆင်ထားပြီးသား အဆင့်ကို ပြောချင်တာပါ။ ခြံထဲမှာ နွားဘယ်နှစ်ကောင်၊ သိုးဘယ်နှစ်ကောင်၊ ကြက်ဘယ်နှစ်ကောင်၊ အထီးအမ၊ အညိုအမည်း၊ အငယ်အကြီး ခွဲထားပြီးသား အခြေအနေတစ်ခု ဖြစ်နေပါပြီ။ အချက်အလက်တွေအားလုံး တစ်နေရာထဲမှာ တစုတစည်းတည်းဖြစ်နေတဲ့အပြင် သုံးသပ်ဖို့ အဆင့်သင့်ဖြစ်နေတာမျိုး ဖြစ်နေရပါမယ်။ ဆိုလိုချင်တာက ဇယားကွက်တွေ၊ လိုင်းဂရပ်ဖ်တွေ၊ ဘားဂရပ်တွေလို မြင်သာတဲ့ဖော်ပြချက် တစ်ခုခုလုပ်ဖို့ အဆင်သင့်ဖြစ်နေတဲ့ အခြေအနေမျိုးပါ။ ပြီးရင် ကျွန်တော်တို့ ဆန်းစစ်သုံးသပ်လို့ရပါပြီ။ ဒါကတော့ Analysis ပါ။ ဘာတွေတွေ့တယ်။ ဘာအကြောင်းအရာတွေ၊ ဘယ်ဟာနဲ့ ဘယ်ဟာက ဒီလိုရှုထောင့်က ကြည့်လိုက်ရင် ဒီလိုဖြစ်တယ်။ ဟိုလိုရှုထောင့်ကကြည့်ရင်တော့ ဟိုဟာဖြစ်တယ်။ အဲဒီလို ဆန်းစစ်တာ၊ သုံးသပ်တာမျိုးပါ။ ပြီးတော့မှ ဒါတွေက ဒီလိုဖြစ်နေလို့ ဖြစ်နိုင်တာကတော့ ဒါပါပဲဆိုတာက ကောက်ချက်ချတာပါ။ ကောက်ချက်ချပြီးရင်တော့ ဘာဆက်လုပ်မှာလဲဆိုတာကို ပြင်ဆင်ရတော့မှာပါ။

အဲဒီအချိန်မှာ
ဟိုလူတွေကို ဟိုလိုပြောမယ်။
ဒီလူတွေကို ဒီလိုပြောမယ်။
ဟိုလိုလို ဒီလိုလို လူတွေကိုတော့
ဟိုဟိုဒီဒီပြောမယ် ဆိုတာမျိုးပေါ့။
ကျွန်တော်တို့ ပြောပြောနေကျ ရိုပိုပေါ့။
ပြီးရင်တော့ လုပ်စရာရှိတာ
ဆက်လုပ်ရတော့မှာပါ။



နိဒါန်း

နိဂုံးချုပ်အနေနဲ့ တစ်ခုခုတော့ ပြောရတော့မှာပါ။
ဘာပြောမလဲလို့ အချိန်ယူစဉ်းစားဖြစ်ပါတယ်။
ကျွန်တော်တို့ စီဘီအိုင် (စွမ်းရည်ရှေ့ဆောင်)အဖွဲ့အနေနဲ့
ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ ဖတ်လို့ရနိုင်တဲ့ စာအုပ်တစ်အုပ်
လုပ်လိုက်နိုင်ပါတယ်။ အခုစာအုပ်က အလွယ်ကူဆုံး၊
အရိုးရှင်းဆုံး ဖြစ်အောင် ကြိုးစားထားပါတယ်။
ဖတ်ကြည့်မိသူတွေ လိုရင် လိုသလို၊ မလိုရင် မလိုသလို
တစ်ခုခုလုပ်လို့ ရပါတယ်။ ဒီအကြောင်းအရာကို
စိတ်ဝင်စားသွားလို့ ဆက်လက်လေ့လာချင်သူတွေ
အတွက်ကတော့ ကျွန်တော်တို့အဖွဲ့က ဝမ်းမြောက်ဝမ်းသာနဲ့
အမြဲ ကြိုဆိုနေမှာပါလို့ ပြောပါရစေ။



စွမ်းရည်ရှေ့ဆောင်အဖွဲ့
အခန်း ၂၀၁-၂၀၂၊ နိုင်းမွန်းကွန်ဒို(ဘီ)
အမှတ် ၄၉၇၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ် ရန်ကုန်။
ဖုန်း ၀၁ ၅၀၁ ၃၉၇၊ ၀၁ ၅၂၃ ၆၇၅
www.cbiinmyanmar.org